


ဓ နု ဉ ၊ မြ တ် လွှ ဉ



ရွှေတောင်မြို့

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး

ရေးသားတော်မူအပ်သော

# ပကိဏ္ဏက နမက္ကာရ အစိန္တေယျကြီးဘုရားရှိခိုး

(မွေ့ဒါန)

Generated by CamScanner from intsig.com

ရွှေတောင်မြို့
ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သော

# ပကိဏ္ဏက နမက္ကာရ အစိရွှေ ယျကြီး

ဘုရားရှိခိုး

## ဓမ္မဒါနအလှူရှင်

ကွယ်လွန်သူမိဘနှစ်ပါးနှင့်အစ်ကို၊ညီ၊နှမ တို့အားရည်စူး၍

ဖုန်းမြင့်အောင်(မန္တလေး)မောင်နှမ

မိသားစုကောင်းမှု။

မည်သူမဆိုကူးယူရိုက်နှိပ်ဓမ္မဒါနပြုနိုင်ကြပါသည်။

Generated by CamScanner from intsig.com

## ဒဂုန်ဦးထွန်းမြင့်၏ အမှာစာ

အလင်္ကာကျော်စွာအကယ်ဒမီဆုရ နိုင်ငံကျော်ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခက ကျီးသဲလေးထပ် ဆရာတော် ရေးသားသည့် 'ပကိဏ္ဏကနမက္ကာရ' ခေါ် အစိမ္ဗေယျကြီး ဘုရားရှိခိုးကို ရိုက်နှိပ်ဖြန့်ဝေလိုသဖြင့် စာမူသန့်အောင် တည်းဖြတ် သုတ်သင် ပေးရန်နှင့် ခက်ဆစ်အဖြေရေးပေးရန် ကျွန်ုပ်အား အကူအညီတောင်းသည်။ ကျွန်ုပ်ကလည်း ဆရာဦးသုခ၏ စိတ်စေတနာ သဒ္ဓါတရားကို အားပေးကူညီလိုလှသဖြင့် ဝမ်းမြောက်စွာပင် တာဝန်ယူလိုက်သည်။

တည်းဖြတ်ရာတွင် ရန်ကုန်မြို့၊ ကဝိမျက်မှန် စာပုံနှိပ်တိုက်က ၁၂၈၅–ခုနှစ်တွင် ပုံနှိပ်သော 'ဝိစိတြဝန္နာ ဘုရားရှိခိုး' တွင် ပါသောမူနှင့် ယင်းပုံနှိပ်တိုက်ကပင် ၁၂၉၂–ခုနှစ်တွင် ပုံနှိပ်သော 'သဒ္ဓန ဝိလာသိနီကျမ်း' တွင်ပါသော မူနှစ်ခုကို တိုက်ဆိုင်ညှိနှိုင်းတည်းဖြတ်ပါသည်။ စာအုပ်များတွင် အစမှအဆုံးအထိ တစ်ဆက်တည်းပင် ရှိသော်လည်း ကျက်မှတ်လွယ်စေရန်နှင့် ခက်ဆစ်အဖြေရှာလွယ်စေရန် ရည်ရွယ်၍ ၁၊ ၂ စသည်ဖြင့် ၁၁–ပိုဒ် ခွဲထားပါသည်။

ဤဘုရားရှိခိုးကို ဝိစိတြဝန္နာ ဘုရားရှိခိုးစာအုပ်တွင် 'ဗုဒ္ဓထောမနာဘုရားရှိခိုး' ဟု ခေါင်းစဉ်တပ်ထားသည်ကို တွေ့ရလေသည်။ သဒ္ဓနဝိလာသိနီကျမ်းတွင်ကား ခေါင်းစဉ်မပါ။ အဆုံးတွင် 'ပြည်မြို့နေ သူကြွယ်မောင်အုံ့က နိယံမပြတ် ရွတ်ဖတ်သရဇ္ဈာယ်လိုပါသည်။ ဘုရားရှင် ဂုဏ်တော်ပေါင်းကို စုဆောင်း၍ ပေးတော်မူပါဟု လျှောက်သောကြောင့် ရေးစီအပ်သော ပကိဏ္ဏကနမက္ကာရကြီးတည်း' ဟု ပါရှိသည်။ သို့ရာတွင် ယင်းစာပိုဒ်ကို ဤဘုရားရှိခိုး၏ အဆုံးတွင် ဆက်၍မဖော်ပြဘဲ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး၏အစတွင် တွဲစပ်ပါရှိနေသဖြင့် ဤဘုရားရှိခိုးနှင့် မဆိုင်သကဲ့သို့ ဖြစ်နေသည်။

ယင်းသို့ဖြစ်သော်လည်း စာမျက်နှာ–၂၅၊ လက္ခဏာတော်ငယ်ရှစ်ဆယ် ဘုရားရှိခိုး၏အဆုံးတွင် 'လက္ခဏာတော်ငယ်ရှစ်ဆယ် ဘုရားရှိခိုးကို ပိဋကတ်အမ မယ်ခါတောင်းပန်၍ ရေးပေသည်' ဟု ပါရှိသည်ကိုထောက်၍ ဤ 'ပကိဏ္ဏကနမက္ကာရ' ကြီးဟူသော အမည်မှာ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကိုယ်တိုင် တပ်ခဲ့သည်ဟု မှတ်ယူနိုင်သည်။

'ပကိဏ္ဏက နမက္ကာရ' ၏ အဓိပ္ပာယ်မှာ အမျိုးစုံပါသော ဘုရားရှိခိုးဟု ဆိုလိုပေသည်။ ကျွန်ုပ်ငယ်စဉ်က ဤဘုရားရှိခိုးကို 'အစိမ္ဗေယျကြီး' ဟု ခေါ်ဝေါ်သည်ကို ကြားရဖူးသဖြင့် လူအများ ခေါ်ဝေါ်မှတ်သားလွယ်စေရန် အစိမ္ဗေယျကြီး ဘုရားရှိခိုးဟူသော အမည်ကို တွဲ၍ထည့်လိုက်ပါသည်။

ခက်ဆစ်အဖြေကို ရေးရာ၌ ဘာသာရေးစာပေ အခြေခံ အတော်အသင့်ရှိသူများအဖို့ အချို့စကားများမှာ အဖြေပေးရန် မလိုသော်လည်း ဘာသာရေးစာပေ အခြေခံမရှိသူများအဖို့ အခက်အခဲမရှိစေရန် ရည်ရွယ်သောကြောင့် ထိုသူများအတွက် ခက်နိုးအံ့ထင်သော စကားများကို ကျမ်းဂန်အဆိုအမိန့်များနှင့် မတိမ်းစေဘဲ နားလည်အောင် ဖြေဆိုရေးသားထားပါသည်။

သို့ဖြစ်၍ ဤဘုရားရှိခိုးကို ဖတ်ကြားကျက်မှတ်သူတိုင်းသည် ဘုရားရှိခိုးတွင်ပါသည့် စကားများကို အခက်အခဲမရှိ နားလည်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဦးကျော်ဝင်း၏ဖခင် ဦးချစ်တီးမှုနှင့် ထပ်မံညှိနှိုင်းတည်းဖြတ်ခွင့်ရသဖြင့် ဦးချစ်တီးအား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဒဂုန် ဦးထွန်းမြင့်

၁၃၂၅–ခု၊ ပြာသိုလဆန်း ၅ရက်။

Generated by CamScanner from intsig.com

## ဦးသော်ဇင်၏ အမှာစာ

ဤဘုရားရှိခိုးမှာ ဘုရားရှိခိုးမည်ကာမျှ မဟုတ်ချေ၊ အဆီအနှစ်ကိုထုတ်ထားသော ပိဋကတ်သုံးပုံ၏ အကျဉ်းချုပ်သဖွယ် ဖြစ်၏။ သိလွယ်အောင် အဆင့်အတန်းနှင့် ဥပမာပေးရလျှင် သာမညပထမကြီး၊ ပထမကျော်၊ ဓမ္မာစရိယ အောင်ကာမျှဖြင့် ဤတွင်ပါဝင်သော အနက်အဓိပ္ပာယ်ကို ရုတ်တရက် ဖြေဆိုနိုင်ဖို့ မလွယ်ချေ၊ ပကိဏ္ဏကအမည်ကို ခံယူသည့်အတိုင်း ပြည့်စုံကြွယ်ဝလှပေသည်။

ပကိဏ္ဏက၏ အဓိပ္ပာယ်မှာ ဟင်းလေးအိုး သို့မဟုတ် ပဒေသာ ဖြစ်သည်။ ဟင်းလေးအိုးကြီးတွင် ဟင်းမျိုးစုံပါဝင်၍ အရသာစုံလင်သည်။ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါးမျိုးစုံ၊ ငါးပိ၊ ပုံးရည်၊ မျှစ်ချဉ်၊ ပဲပင်ပေါက်၊ လက်ပံခေါင်း စသည်တို့ ပါဝင်၏။ ထို့အတူ ပကိဏ္ဏကတွင်လည်း အကြောင်းအရာ အချက်အလက် ဟင်းခွက်မျိုးစုံသည်။ ဘုရားနှင့်ပတ်သက်သော သိသင့်သိထိုက်ရာ အဖြာဖြာတို့ အမျိုးစုံ ပေါင်းဆုံနေသည်။ အကယ်၍ ဤဘုရားရှိခိုးပါ အချက်အလက်တို့ကို မသိပါမူ ဗုဒ္ဓဘာသာဟု ပြောရန် ရှိုးတိုးရှန့်တန့် ဖြစ်စရာကောင်းလှ၏။

ဤဘုရားရှိခိုးကို ရလေမှ ဗုဒ္ဓဘာသာဆိုင်ရာ အဆီအနှစ်တို့ကို သိရတော့မည်ဟု မဆိုလိုပါ။ အခြားနည်းဖြင့်လည်း သိနိုင်ပါသည်။ ထိုနည်းမှာ ပိဋကတ်သုံးပုံကို မွှေနှောက်ချောက်ချားပြီး အရေးကြီးသော အချက်အလက် ခဲရာခဲဆစ်တို့ကို ကောက်နုတ်ရမည် ဖြစ်သည်။ သို့ရာတွင် မလွယ်ပါ၊ ခက်ခက်ခဲခဲနှင့် ကာလကြာမြင့်စွာ ကြိုးစားကြံဆောင်ရမည် ဖြစ်၏။ ဤမှာမူ သာသာယာယာနှင့် ဘုရားရှိခိုးရင်း ပိဋကတ်၏ အနှစ်သာရကို ခံစားရမည် ဖြစ်သည်။ စင်စစ်မှာလည်း ဤအချက်အလက်တို့ကို ပိုင်နိုင်စွာမသိဘဲ လှိုက်လှဲစွာ ကြည်ညိုဖို့ မဖြစ်နိုင်ချေ၊ မိရိုးဖလာအတိုင်း အစဉ်အလာအရ ရှိခိုးပူဇော်ခြင်းသာ ဖြစ်ပေလိမ့်မည်။ တကယ် လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ကြည်ညိုပါလျှင် ဤဘုရားရှိခိုးဖြင့် ပူဇော်သင့်၏။

ဗုဒ္ဓဘာသာလောကတွင် အလွန်နာမည်ကျော်ကြား လူသိများသော ဘုရားရှိခိုးတစ်ပုဒ် ရှိသည်။ ထိုဘုရားရှိခိုးမှာ ရှင်ဗုဒ္ဓဃောသ၏ နမက္ကာရပင် ဖြစ်၏။ အလွန် လှပဆန်းကြယ်သော ပါဠိဘာသာ ဂါထာတို့ဖြစ်သည်။ ပါဠိဂါထာအနေဖြင့် ဆန်းသစ်ချိုသာသော်လည်း ဘာသာရေးဆိုင်ရာ အချက်အလက်၏ လေးနက်ခြင်းကား ဤကဲ့သို့ ပြည့်စုံကြွယ်ဝခြင်း မရှိချေ၊ ဤဘုရားရှိခိုးမှာ ဘာသာရေးဆိုင်ရာ အရေးကြီးသော အချက်အလက်တို့ကို နှုတ်တက်ဆောင်နိုင်ရန်အတွက် သက်သက်ကဲ့သို့ ဖြစ်၏။ ဌာန်,ကရိုဏ်းကျစွာ ရွတ်ဖတ်ပူဇော်ပါလျှင် သာယာနာပျော်ဖွယ်ဖြစ်၍ ကြည်နူးခြင်းကိုလည်း ရမည်။ ရွတ်ဖတ်ဖန်များ၍ အနက်အဓိပ္ပာယ်ကို သဘောပေါက်ပါလျှင် ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟု ရဲဝံ့စွာ ခေါ်နိုင်လောက်ပေလိမ့်မည်။

ဦးသော်ဇင်

Generated by CamScanner from intsig.com

## မင်းကွန်းတိပိဋကဓရဆရာတော်၏ အမှာစာ

၂၆-(ပ) ဝါဆိုကျော် ၅ ရက်၊
မင်းကွန်း၊ ဓမ္မနာဒတိုက်မှ၊

ဆရာ ဦးသုခထံသို့

ဘုန်းကြီး မေတ္တာရပ်၍ ဓမ္မဒါနအလှူခံသည်မှာ ယနေ့ပင် ဦးသုခ၏ ဓမ္မဒါန (နိဗ္ဗုတ) လက်ဆောင်ဖြစ်သည့် ရွှေတောင်မြို့ ကျိုးသဲလေးထပ်ဆရာတော် ရေးသားတော်မူအပ်သည့် 'ပကိဏ္ဏက နမက္ကာရ အစိဋ္ဌေ ယျကြီး' ဘုရားရှိခိုး စာအုပ်တစ်အုပ် ဦးဝေပုလ္လာစာရထံ ပေးပို့လှူဒါန်းလိုက်သည်ကို ဖတ်ရှုရ၍ များစွာဝမ်းမြောက်ပြီးလျှင် 'ဒဂုန် ဦးထွန်းမြင့်' တည်းဖြတ်သဖြင့် ပို၍ စာမူသန့်ရှင်းခြင်း၊ 'ဦးသော်ဇင်' ၏ ဟင်းလေးအိုးကြီး နိဒါန်းတို့ဖြင့် တန်ဆာဆင်ထားသဖြင့် ရွှေပေါ်မြတင် အလွန်ပင် စာမူတင့်တယ်နေသည်ကို တွေ့ရှိကြည်ညိုလှပါသဖြင့် အမှတ်တရ အမြတ်တနိုး 'အရကျက်၍' ဘုရားရှိခိုးမှုကို ပြုလိုသော ကုသိုလ်စိတ်များ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွားပါသဖြင့် ထိုစာအုပ်ရှိပါသေးလျှင် ဘုန်းကြီးအားလည်း ဓမ္မဒါန (နိဗ္ဗုတ) လက်ဆောင် ဖြန့်ချိပေးရန် မေတ္တာရပ်ခံပါသည်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ သာသနာသုံးခန်း ဖြည့်စွမ်းနိုင်ပါစေသတည်း။ ။

ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း၊ မန္တလေးအနောက်ဘက်။

## ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက်

လောက၌ ပုဂ္ဂိုလ်တစ်ဦးအပေါ်မှာ ဂုဏ်ထူးကိုမသိခင်က ကြည်ညိုပြီးနောက် ဂုဏ်ထူးကိုသိရပြန်သောအခါ အတိုင်းထက်အလွန် ကြည်ညိုလေးစား အားထားကိုးကွယ်လိုသောစိတ်များ ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ချီးမွမ်း၍မကုန်နိုင်သော ဂုဏ်တော်များတွင် လူချင်း မြဟ္မာချင်း နတ်ချင်း ပြောကြလျက် တသောသော ချီးမွမ်းအပ်သောဂုဏ်တော်များကိုပင် မိမိဉာဏ်မီသမျှ သိရှိကြရလျှင် သဒ္ဓါ ပညာတို့သည် ရှေးကထက် တိုးပွားကြပါလိမ့်မည်။

အမရပူရမဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ ၏ "ရတနာ့ဂုဏ်ရည်" မှ

ဘုရားရှိခိုးခြင်းသည် မည်ကဲ့သို့ပင်ရှိခိုးစေကာမူ ရှိခိုးသူ၏ စိတ်၌ တစ်စုံတစ်ခုသော အကျိုးကိုရည်၍ ရှိခိုးခြင်းဖြစ်ပါသည်။ သို့သော် စိတ်စေတနာ ထက်သန်ခြင်းအပေါ်၌သာလျှင် အကျိုးတရား အနည်းအများ ရရှိစေနိုင်ပါမည်။ လုံးဝအကျိုးမရှိဟူ၍ကား မည်သည့်ဘာသာ၌မဆို မရှိကြပါ။

ဆရာကြီး ဒဂုန်နတ်ရှင်ရေး
"လက်ဆောင်ကောင်းတစ်ခု" ဆောင်းပါးမှ
၁၉၆၄-ခု၊ ဇူလိုင်လ၊ ရှုမဝမဂ္ဂဇင်း။

Generated by CamScanner from intsig.com

## ပကိဏ္ဏကနမက္ကာရအစိန္တေယျကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၁ အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလပရမံ၊ အရဟံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရမာရဇိ၊ တိလောကဂ္ဂ ဂုရု၊ သယမ္ဘုဉာဏ်ဝိသုဒ္ဓိဿရ၊ ဤသို့စသား၊ အသင်္ချေယျ၊ နာမတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်၊ ဓမ္မုဒိပ်မှတက်၍၊ ဘဝဂ်တိုင်ကြေညာလျက်၊ ကာမရူပ၊ အရူပဟု၊ သြကာသသုံးရပ်၊ လောကဓာတ်နှိုက်၊ အမြတ်ထက်အမြတ်၊ သမိုက်အပ်သော၊ လူနတ်ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်ဇော်တို့သည်၊ ပညိန္ဒြေရှိတိုင်းဖြင့်၊ ခြားပိုင်းတွက်ကျုံး၍၊ မဆုံးမကုန်နိုင်၊ မကြံစည်နိုင်၊ မအုံ့သြနိုင်၊ ပြည့်လျှိုင်ထွေပြား၊ များပြားကျယ်ဝန်းသော၊ ကျေးဇူးတော်အပုံ၊ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူထသော–

J အမျိုးဖြင့်မြတ်သောသူ၊ ဘုန်းဖြင့်မြတ်သောသူ၊ ဂုဏ်ဖြင့်မြတ်သောသူတို့သည်၊ မာန်မူဖက်ပြိုင်ခြင်းငှာမထိုက်၊ မကိုင်မှုမင်္ဂလာ၊ ဤကမ္ဘာနှိုက်၊ ပထမာဒိက၊ ဘူမိပါလ၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ သမ္မုတိဒေဝရာဇ်၊ နေနွယ်ဖြစ်၍၊ စင်စစ်အမျိုးတော်အားဖြင့် မြတ်သော ဇာတိမဟတ္တဂုဏ်။ သုံးဘုံရပ်လုံး၊ ညွတ်ရုံးကော်ရော်၊ ပူဇော်ဦးညွတ်ရာဖြစ်၍၊ စင်စစ်ဘုန်းတော်အားဖြင့် လွန်မြတ်သော ပုညမဟတ္တဂုဏ်။ ဝသုန်သေလာ၊ အဏ္ဏဝါကို၊ မြူလွှာပြုလျက်၊ နှိုင်းတုစက်လည်း၊ ကျေးဇူးနက်တိုင်၊ မကုန်နိုင်သည်ဖြစ်၍၊ စင်စစ် ဂုဏ်တော်အားဖြင့် မြတ်သော ဂုဏမဟတ္တဂုဏ်။ ဤသုံးစုံကြောင့်၊ လူ့ဘုံနတ်ဌာန်၊ ပြိုင်စံယှဉ်ဖော်၊ မပေါ်မပြု၊ တစ်ဆူတည်းသော အဗ္ဗဒိုပုဂ္ဂိုလ် ဖြစ်တော်မူထသော–

၃ ဇမ္ဗူ့ကျက်သရေ၊ ချက်ဗွေဘူမိ၊ အပရာဇိတရိုင်၊ ညောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူအံ့သော ကာလနှိုက်၊ ကာမလောကဓာတ်၊ ခုနစ်ရပ်လုံး၊ ဆတ်ဆတ်လှိုက်ခုန်၊ တုန်ဘနန်းမျှ၊ သန်းအကုဋေ၊ နတ်ဗိုလ်ခြေနှင့်၊ မိုးမြေကြည်းဟည်း၊ ပွဲတင်တီးအောင်၊ ဖျက်ဆီးလုယက်လာသော၊ မေခလာဂီရိ၊ တောင်တရှိမျှ၊ ပြောင်ကြီးသေဋ္ဌနင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ်၊ ကံသမ္ဘာရှိန်၊ ဝရဇိန်လျှံပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော်မူစေ၍၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက် တိုက်လှန်ခြင်းငှာ၊ အာနာပါန ဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုတ္ထ သမာပတ်တို့ကို၊ အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ ပစ္စဝေက္ခဏဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီတည်းဟူသော၊ ဝသီဘော်ငါးတန်ဖြင့်၊ အဖန်ဖန်လေ့လာတော်မူပြီးလျှင်၊ ရှေးတီးကာလ၊ ဘဝရှည်ကျူး၊ ဖြစ်ဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည်အမျိုးစသော၊ ပရမတ် ပညတ်တို့ကို၊ တပ်အပ်သိနိုင်စွမ်းသော ပုဗ္ဗေနိဝါသဉာဏ်။ သုံးတန်ဘုံသား၊ အများသတ္တ၊ ဝေနေယျတို့၏၊ ကမ္မဂတိ၊ စုတိပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒုရပဋိစ္ဆန္န၊ သဏှသုခုမဖြစ်သော ရူပါရုံကို၊ အကုန်မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်။ လေးတန်သြဃ၊ အာသဝနှင့်၊ ယောဂဂန္ထ၊ လေးဖြာဥပါဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယ ခုနစ်အင်၊ သံယောဇဉ်ဆယ်တန်၊ မြဲရုံလျက်သား၊ များစွာသော

Generated by CamScanner from intsig.com

အကုသိုလ်၊ ဗိုလ်ခြေကွပ်ကဲ၊ သူရဲကိလေသာ၊ ထောင့်ငါးရာတို့ကို၊ စင်စွာပယ်ဖြတ်၊ အလွန်မြတ်သောကြောင့်၊ အရဟတ္တမဂ္ဂ၊ အမည်ရသော၊ အာသဝက္ခယဉာဏ်။ ဤသုံးတန်သော ဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော်၊ ဝိဇ္ဇာရှစ်ပါးနှင့်၊ ပြည့်စုံတော်မူသဖြင့်၊ သယမ္ဘူအထွတ်၊ လူတမွတ်ဟု၊ မချွတ်သမိုက်အပ်ထသော–

၄ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှတို့၊ ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တ၊ ဝေနေယျ ပုဂ္ဂိုလ်တို့၏၊ အလိုဆန္ဒ၊ အာသယကိန်းဟန်ကို၊ ကေန်သိမြင်နိုင်သော၊ အာသယာနုသယဉာဏ်။ ဣန္ဒြေရင့်မရင့်ကို၊ ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်။ ပရမတ်ပညတ်၊ အရပ်ရပ်လုံးစုံကို၊ အကုန်အစင်၊ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ငါး ယျေခံငါးအင်ကို၊ သိမြင်တော်မူရာ၌၊ ဆီးကာ ပိတ်ပင်ခြင်းမရှိသော အနာဝရဏဉာဏ်။ ယမိုက်ပြာဋိဟာ၊ လွှတ်ခြင်းအရာ၌၊ လေ့လာတော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်။ သနားထိုက်လှစွာသော၊ ဝေနေယျသတ္တဝါကို၊ လွန်စွာသနားတော်မူသော မဟာကရုဏာသမာပတ္တိဉာဏ်။ ဤခြောက်တန်သော ဆအသာဓာရဏ၊ ဉာဏလျှံပြောင်၊ မြတ်တန်ဆောင်ကို၊ ညီထောင်ထွန်းစိုက်တော်မူသည်ဖြစ်၍၊ ဝေးနီးစကြဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ထုတ်ခတ်ထင်ထင်၊ ရှုမြင်တော်မူနိုင်သော ပသာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တ စက္ခုတည်းဟူသော မျက်စိတော်ငါးလုံးဖြင့်၊ အဆုံးမဲ့ မြင်တော်မူပြီးထသော–

၅ ပလ္လင်အနိမိသ၊ စင်္ကမမှသည်၊ စတုတ္ထသတ္တာဟဝယ်၊ ရတနာရွှေအိမ်၊ ချမ်းရိပ်ငြိမ်နှိုက်၊ မွေ့သိမ်စံပယ်တော်မူကာ၊ အဘိဓမ္မာ ခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်းဒေသနာကို၊ လေ့လာဆင်ခြင်တော်မူသော၊ အာနုဘော်တော်ကြောင့်၊ အသွေးတော်အသားတော်၊ အရိုးတော်စု၊ ဝတ္ထုပသာဒိန္ဒြေအလုံးမှ၊ ဖြိုးဖြိုးဖြိုးပြက်၊ ရိုးရိုးရက်တောက်ပလျက်၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ၊ မိလ္လာရည်လို၊ ဖိတ်ဖိတ်ယိုမျှ၊ ညိုသောရောင်ခြည်တော်။ ဖဲကတ္တီပါ၊ ဂိဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ၊ ရွှေသောရောင်ခြည်တော်။ ကသစ်ခေါင်ရန်း၊ ပန်းကြက်မောက်ပီ၊ တွေးတွေးချိမျှ၊ နီသောရောင်ခြည်တော်။ သာစွာဘော်ကြူ၊ ဖွေးဖွေးလူသကဲ့သို့၊ ဖြူသောရောင်ခြည်တော်။ ပြာလျှံညိုလျှံ၊ ခိုလျှံစုပေါင်း၊ ရှုမညောင်းမျှ၊ မောင်းသောရောင်ခြည်တော်။ ထွန်းပေါ်ဝင်းဝင်း၊ ထိန်လင်းစက်စက်၊ လျှပ်စစ်လက်သကဲ့သို့၊ ဖြိုးဖြိုးပြက်သော ရောင်ခြည်တော်တည်းဟူသော ရောင်ခြည်တော်ခြောက်ဆိုင်ကို၊ တစ်ပြိုင်တည်းကွန့်မြူးစေလျက်၊ လ–နေအတိ၊ လျှံငြိပြောင်ပြောင်၊ ဗိမာန်ရောင်နှင့်၊ သောင်းထောင်စကြဝဠာ၊ ထွန်းလင်းဖြာသော ဗြဟ္မာကြီးတို့၏ ကိုယ်ရောင်ကိုလျက်၊ နှိပ်စက်လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်တို့ဖြင့်၊ အထောင်အသောင်းသော လောကဓာတ်ကို၊ တလျှပ်လျှပ် ထွန်းလင်းတော်မူပြီးထသော–

၆ ပရိဗိုဇ်တက္ကတွန်း၊ ရဟန်းရသေ့၊ မုနေ့အရည်း၊ ဦးပြည်းတပသီ၊ ဗေရာဂီတို့၏၊ ဝါဒီအလိုက်၊ စရိုက်ဘာဝ၊ ကျင့်ဆောင်ကြသော၊ သာသနာ့ဗာဟိ၊ လောကီသီလတို့ထက်၊ ဆထက်ထောင်ရာ၊ သာလွန်ဘိသဖြင့်၊ အဓိသီလဟု သမုတ်အပ်သော၊ အာပတ် ခုနစ်ပုံကို၊ လုံခြုံစွာစောင့်ကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလ။ ဣန္ဒြေခြောက်ပါးကို၊ တားမြစ်ပိတ်ပင်ကြောင်းဖြစ်သော ဣန္ဒြိယသံဝရသီလ။ မိစ္ဆာဇီဝမှ ကြဉ်ခွာလျက် စင်ကြယ်စွာ အသက်မွေးကြောင်းဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ။ ပစ္စည်းလေးဖြာကို၊ ပစ္စဝေက္ခဏာတင်၍၊ ဆင်ခြင်သုံးသပ်ခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ။ ဤလေးဝသော စတုပါရိ၊ သုဒ္ဓိတံခွန်၊ အလွန်ဖြူစင်၊ မြူမတင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိ။ မဟာဂ္ဂုတ်လောကုတ္တရာချာန်၊ မြဲမြဲစွာ

Generated by CamScanner from intsig.com

လေ့လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိ။ ခြောက်ဆယ့်နှစ်ဖြာသော၊ မိစ္ဆာဝါဒီ၊ ဝိတဏ္ဍိညစ်ကြေးမှ၊ ကင်းဝေးဖြူစင်လျက် အယူ၏ စင်ကြယ်ခြင်းတည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိ။ တစ်ဆယ့်ခြောက်ပါးသော ယုံမှားသင်္ကာကို၊ ဖြတ်ခွာလွန်မြောက်နိုင်သော၊ ဉာဏ်၏စင်ကြယ် ခြင်းတည်းဟူသော ကင်္ခါဝိတရဏဝိသုဒ္ဓိ။ မဂ်ဟုတ်သည် မဟုတ် သည်ကို မြင်နိုင်သော၊ ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ။ မဂ်သို့ရောက်ကြောင်း၊ အကျင့်ကောင်း ကို မြင်နိုင်သော၊ ဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ။ မဂ်လေးရပ်နှင့်၊ သဟဇာတ် သမ္ပယုတ်ဖြစ်၍၊ သစ္စာလေးတန်ကို၊ ဆယ့်ခြောက်နက်ဝေဖန်၍၊ ကေန်သိမြင်နိုင်သော ဉာဏဒဿန ဝိသုဒ္ဓိတည်းဟူသော ဝိသုဒ္ဓိခုနစ်ပါး၊ တရားဘွဲ့ဖြူ သရဖူမကိုဋ်၊ ဦးစိုက်မင်္ဂလာ၊ မြတ်တန်ဆာကို၊ တင့်တယ်စွာ ဆင်ယင်လျက်၊ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿမ္ဘန ဝိမုတ္တိ၊ နိဿရဏဝိမုတ္တိ တည်းဟူသော ဝိမုတ္တိငါးရပ်၊ တရားမြတ်ကြောင့်၊ လောကဓာတ်အလုံး၊ ဩတ်ကျုံးပူဇော်ရာ၊ အာဂါရမုနိ၊ အနာဂါရမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စေက မုနိတို့ထက်၊ ကဲတက်လွန်မြတ်စွာ၊ မုနိန္ဒာဘိပ၀ရ၊ အတုလမုနိလည်း ဖြစ်တော်မူထသော-

**၇** ဂင်္ဂါဝါဠု၊ သဲစုမြူဟုန်၊ ပမာတန်ကဲ့သို့၊ အနန္တဂူ နိဗ္ဗာန်ယူကုန်သော၊ ဆူဆူမြတ်စွာ၊ စောသတ္တာတို့၏၊ သွားရာ လမ်းကြောင်း၊ စရိုက်ကောင်းမူလဖြစ်သော၊ သီလသံဝရ၊ ဣန္ဒြိယသံဝရ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာနုယောဂ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ၊ လေးဖြာစျာန်တည်းဟူသော စရဏတရား တစ်ဆယ့်ငါးပါးတို့ကို၊ အားသစ် ကျင့်ဆောင်တော် မူသဖြင့်၊ သယမ္ဘူတကာ၊ ပြည့်စုံရာသား၊ နာနာကုလတို့၏၊ ဝေါဟာရ

သဒ္ဒါအနက်ကို၊ အချက်ကျသိနိုင်သော အတ္ထပဋိသမ္ဘိဒါ။ ဝါစာဂီရတ်၊ နှုတ်သံလွှတ်က၊ ဓာတ်တူတူ မတူတူ၊ ဘာသာဟူသမျှတို့က၊ ကေန် သိနိုင်သော ဓမ္မပဋိသမ္ဘိဒါ။ တစ်ခုတစ်ခုသော ပုဒ်အက္ခရာကို၊ သဒ္ဒါ၏အလို၊ ဝိဂ္ဂြိုဟ်, ဝစနတ်, ဓာတ်, ပစ္စည်း, လိင်အန် ဖြင့်၊ ဝေဖန်၍သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ။ ကိုယ်တိုင်သိသမျှ တရား တို့ကို၊ သူတစ်ပါးသိစိမ့်သောငှာ၊ သဒ္ဒါပညတ်သို့တင်၍၊ စုံလင်စွာ မြွက်ဆိုတတ်သော ပဋိဘာနပဋိသမ္ဘိဒါတည်းဟူသော သမ္ဘိဒါလေးပါး။ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသတည်းဟူသော အဘိညာဉ်ခုနစ်ပါး။ ရူပဈာန်လေးရပ်၊ အရူပဈာန်လေးရပ်အားဖြင့်၊ သမာပတ်ရှစ်ပါး။ ကျေးဇူးတော်တစ်ဆယ့်ရှစ်ပါး။ ထူးပြားဆန်းကြယ်၊ အံ့ဖွယ်တော် တစ်ဆယ့်ရှစ်စုံ။ ထိုမျှဂုဏ်ကို၊ ဉသုံ စိုးပိုင်တော်မူပြီးထသော-

**၈** ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ် ဤငါးတန်တို့ကို၊ တိုက်လှန်ဖြိုခွဲ၍၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါး။ ဖြစ်ပြီးသော အကုသိုလ်တရား တို့ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်ကံကို တစ်ဖန် အသစ် မဖြစ်စေခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင် စိမ့်သောငှာ၊ လွန်စွာလုံ့လပြုခြင်းတည်းဟူသော သမ္မပ္ပဓာန် လေးပါး။ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတည်းဟူသော ဣန္ဒြေငါးပါး။ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တည်းဟူသော ဗိုလ်ငါးပါး။

သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော မဂ္ဂင်ရှစ်ပါး။ ဤသို့အားဖြင့်၊ ပိုင်းခြားတွက်ဖွဲ့၊ သုံးဆယ့်ခုနစ်ရပ်၊ အလွန်မြတ်သော၊ ဗောဓိပက္ခိယ၊ ဓမ္မအကျော်၊ ရဲမက်တော်တို့ကို၊ ကိုယ်ရံတော်ကြီး၊ ဦးစီးဗိုလ်ချုပ်တင်လျက်၊ အသင်္ချေချေ၊ တွက်ရေမဆုံး၊ ပတ်ကုံးကိလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်းတိုက်သိမ်း၊ အငြိမ်းအောင်မြင်တော်မူသဖြင့်၊ အသင်္ခတ၊ ခေမရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြို့ကိုက်နန်းခွင်၌၊ ဥကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော –

၉ လေးအသင်္ချေ၊ လွန်လေတစ်သိန်း၊ တွက်ကိန်းများလှ၊ ကပ်ထိုမျှ၌၊ လုံ့လကြီးပမ်း၊ ဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဥပေက္ခာပါရမီ၊ ဆယ်လီသုံးစုံ၊ ကုသိုလ်ဟုန်ကြောင့်၊ လူ့ဘုံစံပျော်၊ အလောင်းတော်ဖြစ်ခါစပင်၊ ကာဠာဝက၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍရ၊ တမ္ဗ၊ ပိင်္ဂလ၊ ဂန္ဓ၊ မင်္ဂလ၊ ဟေမ၊ ဥပေါသထ၊ ဆဒ္ဒန်၊ ဤဆယ်တန်သော ဆင်မျိုးတို့၏ ဆယ်ဆတက် ဆယ်ဆတက် စီသော အားကိုဆောင်နိုင်သည်ဖြစ်၍၊ ယောကျ်ားဗိုလ်ခြေ၊ ကုဋေတစ်သောင်းတို့၏၊ ကာယဗလ၊ ဌာနာဌာနကောသလ္လဉာဏ်၊ ဝိပါကဉာဏ်၊ သဗ္ဗတ္ထဂါမိနီဉာဏ်၊ နာနာဓာတုဉာဏ်၊ အဓိမုတ္တိဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ ဈာနာဒိသံကိလေသဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တည်းဟူသော ဆယ်ပါးသော ဉာဏဗလကို ရတော်မူသည်ဖြစ်၍၊ လူ့ပြည်နတ်ရပ်၊ ခေတ်သုံးထပ်ကို၊ အုပ်ကွပ်စိုးပိုင်၊ နိုင်တော်မူခြင်းတည်းဟူသော ဣဿရိယဘုန်းတော်။ လောကုတ္တရာတရား၊ မြတ်ကိုးပါးသို့၊ ထင်ရှားစွာရောက်ခြင်းတည်းဟူသော ဓမ္မဘုန်းတော်။ နရက်ဘဝဂ်၊ အောက်ထက်ပျံ့လွှင့်၊ သုံးခရိုင်၌၊ အဆုံးတိုင် ကျော်စောတော်မူခြင်းတည်းဟူသော ယသ ဘုန်းတော်။ သုံးဆယ့်နှစ်ပါး၊ သမိုက်ထားသော၊ ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြူတေ၊ ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူခြင်းတည်းဟူသော သီရိဘုန်းတော်။ အလိုတော်ရှိသမျှ၊ တစ်ခဏခြင်းဖြင့်သာ၊ ပြည့်စုံလာခြင်းတည်းဟူသော ကာမဘုန်းတော်။ နိဗ္ဗာန်ရောက်ရာ၊ ဒေသနာဖြင့်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့ကို၊ ကြည်ဖြူစွာလှ၊ သင်ဆုံးမ,သောကြောင့်၊ လောကလုံးကိုးကွယ်ရာ၊ ဆရာအဖြစ်သို့ ရောက်တော်မူခြင်းတည်းဟူသော ပယတ္တဘုန်းတော်။ ဤခြောက်ဖော်သော၊ ဘုန်းတော်အမြတ်၊ ဂုဏ်အရပတ်ဖြင့်၊ လောကဓာတ်လုံး၊ ညွတ်ရုံးညီကာ၊ ကောင်းချီးခြွေလျက်၊ ဘဂဝါဟူသော ဘွဲ့ပုံတော်အထူးဖြင့်၊ ညွတ်နူးကော်ရော်၊ ပူဇော်ချီးပ,အပ်သည်လည်း ဖြစ်ထသော –

၁၀ အဓုဆက္ကသတ၊ ဇာတကကို၊ ပုံပြသက်သေခံလျက်၊ အနန္တဘဝ၊ ဖြစ်ဖြစ်သမျှတို့၌၊ ဓနပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ၊ ဘရိယပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ဇီဝိတပရိစ္စာဂတည်းဟူသော စွန့်ခြင်းကြီးငါးအင်ကို၊ မဂ္ဂင် ဖောင်ပျံ၊ စံလိုသူအပေါင်းတို့ထက်၊ ကဲဆောင်းလွန်မောက်၍၊ အထောက်မတန် ပြုခဲ့သော၊ ဟေတုသမ္ပဒါ၊ မြတ်သမ္ဘာကြောင့်၊ အနိမာ၊ လဃိမာ၊ မဟိမာ၊ ပတ္တိမာ၊ ပါကမ္မ၊ ဤသိတာ၊ ဝသိတာ၊ ယတ္ထကာမာဝသယိတာဟူသော ဘာသာမဂဓိ၊ ရာဇဂြိုဟ် ဥဒါန်းနှင့် အညီ၊ ရုံသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင်လောက်ရုံသော၊ အဏုမြူပမာ၊ သိမ်မွေ့စွာသောကိုယ်တော်ကို၊ ငယ်အောင်ဖန်ဆင်းတော်မူနိုင်ခြင်း။ ရေပြင်မြေမိုး၊ ပျံလျှိုးငုပ်လျှား၊ သွားတော်မူနိုင်ခြင်း။ ကြီးစေလိုက၊ မြင်းမိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြဝဠာတိုက်လုံး၊

Generated by CamScanner from intsig.com

အုပ်ဖုံးပတ်လှည့်၊ ကိုယ်တော်ပြည့်အောင်၊ တရှိုထိုင်တော်မူနိုင်ခြင်း။၊ မြေထုရေထု၊ မေရုပဗ္ဗတာ သီလာတောင်ထပ်၊ အတွင်းရပ်ကို၊ ကျဉ်းကျပ် ပိတ်ဆီးခြင်းမရှိ၊ ပကတိကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊ လျှိုးဝင်ထွင်းဖောက်၊ ကြွရောက်တော်မူနိုင်ခြင်း။ မနောမိဋ္ဌာန်၊ စိတ်တော်ကြံတိုင်း၊ ကမ္ဘာကမ္ဘ၊ ဟူသမျှကို၊ ကုံငပြီးမြောက်တော်မူနိုင်ခြင်း။၊ သုံးဆယ့်တစ်ဘုံ၊ အလုံးစုံကို၊ ဥသုံစိုးပိုင်တော်မူနိုင်ခြင်း။ လောကီဈာန်ရပ်၊ သမာပတ်ကို၊ မပြတ်ဝင်ကာ၊ လိုတိုင်းပါအောင်၊ လေ့လာတော်မူနိုင်ခြင်း။ သက်မရှိသည့်၊ ဂိရိဗဟို၊ တောင်မြင်းမိုရ်မှလည်း၊ လိုတော်လိုက်ကာ၊ ညွတ်ငိုက်လာရခြင်းတည်းဟူသော တန်ခိုးတော်ရှစ်ဦး၊ ဘုန်းတော်ထူးဖြင့်၊ အံ့ကျူးပြီးပိုင်၊ မချီးနိုင်၍၊ တစ်ပြိုင်တည်လျက်၊ တစ်ပြိုင်ပျက်သော စကြဝဠာတိုက်နေ၊ သိန်းကုဋေလုံး၊ ရွှေမှဋ္ဌာန်စွမ်း၊ အာဏာလွှမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ ခြိမ့်ခြိမ့်ကြွေးကြော်၊ ပူဇော်ကြရာ၊ သုံးရွာလုံး တန်ဆောင်၊ မင်းခေါင်မင်းဖျား၊ မင်းတရားအစစ်လည်း ဖြစ်တော်မူထသော-

**၁၁** လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန်ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်ဘတ်သော၊ ပီဠနအနက်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည်၊ ပြုပြင်စီရင်အပ်သော သင်္ခတအနက်။ မရောင့်ရဲစွာ၊ သတ္တဝါတို့ကို လောင်ဆာပူပန်စေတတ်သော သန္တာပအနက်။ ဇရာ၊ မရဏ၊ သောက၊ ပရိဒေ တို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမအနက်တည်းဟူသော လေးပါးသော ဒုက္ခသစ္စာ၏ အနက်တို့ကိုလည်းကောင်း။ အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန် သွားလာစေခြင်းငှာ၊ အားထုတ်တတ်သော၊ အာယူဟနအနက်။ ဝဋ်ဆင်းရဲအပေါင်း၏ အကြောင်းမူလဖြစ်သော၊ နိဒါနအနက်။ ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊ တမင်မင်ဖြင့်၊ ကျင်လည်စေတတ်သော သံယောဂအနက်။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော၊ မဂ္ဂသစ္စာကို၊ ဆီးကာ တားမြစ်တတ်သော ပလိဗောဓ အနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုလည်းကောင်း။ သံသရာဝဋ်မှ၊ ထွက်လွတ် ကူးမြောက်ပြီးသော နိဿရဏအနက်။ သင်္ခါရတို့မှ ဆိတ်သော ဝိဝေကအနက်။ ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်။ သေခြင်းစသော ဒု( )ခပ်သိမ်း မှ၊ ကင်းငြိမ်းချမ်းသာသော အမတအနက်တည်းဟူသော လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကိုလည်းကောင်း။ ဝဋ်ဒုက္ခအပေါင်းတို့မှ ကောင်းစွာထွက်မြောက်တတ်သော နိယျာနိကအနက်။ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဟေတုအနက်။ နိဗ္ဗာန်ကိုမြင်တတ်သော ဒဿနအနက်။ သင်္ခါရတရားမျိုးတို့ကို အစိုးရသော အဓိပတေယျ အနက်တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကိုလည်းကောင်း။ အကြောင်းအကျိုးအားလျော်စွာ၊ လေးသစ္စာတို့ကို၊ ဒဿနာကာရဖြင့်၊ သောဠသဝေဖန်၍၊ ရွှေညာဏ်ထင်ထင်၊ ရွှေလက်တင် ပတ္တမြားကဲ့သို့၊ ပိုင်းခြားသိမြင်တော်မူသည့်အလျောက်၊ အထောက် အခံ၊ ကံညာဏ်ကြီးရင့်၊ ပွင့်ထိုက်သော သတ္တဝါ၊ ဝေနေယျာတို့ကို၊ ပွင့်ပါစေနှလုံးဖြင့်၊ ဇွေချွန်းထစ်ကြိုး၊ ရှစ်ကိုးနယ်ကုန်၊ သုန်သုန် ပြင်းဝှန်၊ ရွာဖျွန်းသွန်သော၊ မေဃဝန်တမျှ၊ ဓမ္မဘေရီ၊ မေဒနီကို၊ နာရီမလပ်၊ လူနှင့်နတ်အား၊ မပြတ်တိုက်ကျွေး၊ ပေးတော်မူတတ်သော သုံးရပ်လုံးဆရာ၊ ဒေဝါဓိဒေဝိန္ဒ၊ ဗြဟ္မာဓိဗြဟ္မိန္ဒ၊ တိဘဝပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ်၊ မဟာဓမ္မရာဇ်၊ မြတ်ရှင်ချစ်ကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ဘုရား။ (ဝန္ဒေဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား)

သုခီ အတ္တာနံ ပရိဟရန္တု။"

Generated by CamScanner from intsig.com

## ခက်ဆစ်အဖြေ

### အပိုဒ် ၁

အစိန္တေယျ = မကြံစည်နိုင်သော၊ ကြံတွေး မရနိုင်သော။

အပ္ပမေယျ = မနှိုင်းယှဉ်နိုင်သော။

သေဋ္ဌ = လောကထက်မြတ်သော။

ဇေဋ္ဌ = လောကထက်ကြီးသော။

အတုလ = တုဖက်ကင်းသော။

ပရမံ = မြတ်သော။

အရဟံ = ပူဇော်အထူးကို ခံထိုက်သော။

ဘဂဝါ = ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော။

သမ္မာသမ္ဗုဒ္ဓ = အလုံးစုံသောတရားကို မဖောက်မပြန် မှန်ကန်စွာ ကိုယ်တိုင် ထိုးထွင်း၍ သိသော။

အနုတ္တရ = မိမိထက် လွန်မြတ်သူ မရှိသော။

မာရဇိ = မာရ်ငါးပါးကို အောင်မြင်တော်မူသော။

တိလောကန္တဂူ = လောကသုံးပါး၏အဆုံးသို့ ရောက်တော်မူသော။

သယမ္ဘူ = တရားကိုကိုယ်တိုင် သိတော်မူသော။

ဘဝိဿရ = ဘဝကို စိုးမိုးတော်မူသော။

အသင်္ချေယျနာမတံဆိပ် = မရေမတွက်နိုင်သော အမည်တော်ဘွဲ့တံဆိပ်။

ဂုဏ်ဝိသိဋ္ဌ = ဂုဏ်ထူး။

ဇမ္ဗူဒိပ် = ကျွန်းကြီး လေးကျွန်းအနက် ဇမ္ဗူဒိပါတောင်ကျွန်း။

ဘဝဂ် = သုံးဆယ့်တစ်ဘုံတွင် အထက်ဆုံးဘုံ။

ကာမရူပ၊ အရူပဟု ဩကာသသုံးရပ် = ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဟူသော သတ္တဝါတို့ တည်နေရာ ဘုံကြီးသုံးရပ်။

လောကဓာတ် = စကြဝဠာ လောကကြီး။

သမိုက်အပ်သော = သမုတ်အပ်သော။

မဟာကဝိန် = ပညာရှိကြီး။

သုခမိန် = ပညာရှိ။

ပညိဗြေ = ဉာဏ်ပညာ။

ကျေးဇူးတော်အပုံ = ကျေးဇူးတော် အများအပြား။

### အပိုဒ် ၂

မင်္ဂိုင်မင်္ဂလာ = ထူးခြားမွန်မြတ်သည့် မင်္ဂိုင်သရဖူ။

ပထမာဒိက = အစဦးဆုံး။

ဘူမိပါလ = မင်း။ (ဤ၌ သမ္မတမင်းကို ဆိုလိုသည်။)

အာဒိစ္စဂိုဏ်း = နေမျိုးမှ ဆင်းသက်ပေါက်ဖွား လာသော။

သမ္မုတိဒေဝရာဇ် = မင်း။ မင်းကို သမ္မုတိနတ်ခေါ်သည်။

ဇာတိမဟတ္တဂုဏ် = အမျိုးဇာတ်အားဖြင့် ကြီးမြတ်သော ဂုဏ်။

ပုညမဟတ္တဂုဏ် = ဘုန်းတော်အားဖြင့် ကြီးမြတ်သော ဂုဏ်။

ဝသုန် = မြေ။

သေလာ = ကျောက်တောင်။

အဏ္ဏဝါ = သမုဒ္ဒရာ။

ဂုဏမဟတ္တဂုဏ် = ဂုဏ်အားဖြင့် ကြီးမြတ်သောဂုဏ်။

အပ္ပနိုပုဂ္ဂိုလ် = ယှဉ်ဘက်မရှိသော ပုဂ္ဂိုလ်။

## အပိုဒ် ၃

ဇမ္ဗူ = ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း။

ချက်ဇွေဘူမိ = ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဗဟို။

အပရာဇိခရိုင် = အပ္ပရာဇိတပလ္လင်၊ ရန်သူတို့ မအောင်မြင်နိုင်သည့် နေရာထူး။

ညောင်မဏ္ဍိုင် = သဗ္ဗညုတ ဉာဏ်တော်၏ ကြည်ရာ ဖြစ်သော မဟာဗောဓိ ညောင်ပင်။

ကာမလောကဓာတ် = လူ့ဘုံ၊ နတ်ဘုံခြောက်ထပ် ဟူသော ကာမသုဂတိ ခုနစ်ဘုံ။

ကြည်းဟည်း = အသံကျယ်စွာ မြည်သည်။

မေခလာဂီရိ = မာရ်နတ်၏ ဂီရိမေခလာ မည်သော ဆင်။

မာရ်နတ် = နှောင့်ယှက်ဖျက်ဆီးသည့်နတ်။

ပါရမီဉာဏ် = ပါရမီဆယ်ပါး ဉာဏ်တော်ကုသိုလ်။

ကံသမ္ဘာရှိန် = ကံအဆောက်အဦး အဟုန်။

ဝရဇိန် = မိုးကြိုးစက်။

ကိလေသာစက် = တစ်ထောင့်ငါးရာကိလေသာ။

သုံးထောင်ဝက် = သုံးထောင်၏ တစ်ဝက်။

အာနာပါနဘာဝနာ = ထွက်သက် ဝင်သက်ကို စီးဖြန်းသော ကမ္မဋ္ဌာန်း။

ရူပါဝစရ၊ အရူပါဝစရ စတုတ္ထသမာပတ် = ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဟူသော ဝင်စားသည့် ဈာန်လေးပါး။

ဝသီဘော်ငါးတန် = ဈာန်ကို အထူးသဖြင့် နိုင်နင်းစေရန် အလေ့အကျင့်ပြုမှု ငါးမျိုး။

(၁) အာဝဇ္ဇနဝသီ = ထပ်ကာ ထပ်ကာ ဆင်ခြင်ခြင်း အလေ့အကျင့်။

(၂) သမာပဇ္ဇနဝသီ = ထပ်ကာ ထပ်ကာ ဝင်စားခြင်း အလေ့အကျင့်။

(၃) ပစ္စဝေက္ခဏာဝသီ = အဖန်ဖန် သုံးသပ်ခြင်း အလေ့အကျင့်။

(၄) အဓိဋ္ဌာနဝသီ = ဈာန်မှထရန် ဆောက်တည်ခြင်း အလေ့အကျင့်။

(၅) ဝုဋ္ဌာနဝသီ = သတ်မှတ်ချိန်

Generated by CamScanner from intsig.com

အတိုင်း ရှာန်မှထခြင်း အလေ့အကျင့်။

ရှေးတီးကာလ = ရှေးလွန်လေပြီးသောအခါ။

ပရမတ် = ရုပ်နာမ်တရား။

ပညတ် = အမည်။

ပုဗ္ဗေနိဝါသဉာဏ် = ရှေးက နေခဲ့ဖူးသည်ကို ပြန်သိသော ဉာဏ်။

ဝေနေယျ = ကျွတ်ထိုက်သော သတ္တဝါ။

ကမ္မ = ကုသိုလ်ကံ၊ အကုသိုလ်ကံ။

ဂတိ = လားရာအရပ်။

စုတိ = သေခြင်း။

ပဋိသန် = မွေးဖွားခြင်း။

သုခုမ = ဝေးသော။

ပဋိစ္ဆန္န = တစ်စုံတစ်ခုဖြင့် ဖုံးအုပ်ထားသော။

သဏှ = သိမ်မွေ့သော။

သုခုမ = အနုစိတ်ဖြစ်သော။

ဒိဗ္ဗစက္ခု = နတ်မျက်စိကဲ့သို့မြင်နိုင်သော ဉာဏ်။

ဩဃ = ရေအလျဉ်နှင့်တူသော တရား၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဟု လေးမျိုးရှိသည်။

အာသဝ = ကြာမြင့်စွာ ထုံအပ်သည့် အရက်နှင့်တူသောတရား။ ဩဃကဲ့သို့ ကာမ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာဟု လေးမျိုးရှိသည်။

ယောဂ = သံသရာဝဋ်ဒုက္ခနှင့် တွဲယှဉ်စေတတ်သော တရား။ အထက်ပါအတိုင်း လေးမျိုးရှိသည်။

ဂန္ထ = သံသရာဝဋ်ဒုက္ခ၌ ထုံးဖွဲ့တတ်သော တရား။ အဘိဇ္ဈာ၊ ဗျာပါဒ၊ သီလဗ္ဗတ ပရာမာသ၊ ဣဒံ သစ္စာဘိနိဝေသ ဟူ၍ လေးမျိုးရှိသည်။

ဥပါဒါန် = ပြင်းထန် ခိုင်မြဲစွာ စွဲလမ်းတတ်သော တရား။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူ၍ လေးမျိုးရှိသည်။

ခြောက်တန်နီဝရဏ = ကုသိုလ်တရားတို့ မဖြစ်ပေါ်ရအောင် ပိတ်ဆီးတားမြစ်တတ်သော တရား ခြောက်ပါး။ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ ဤခြောက်မျိုး ဖြစ်သည်။

အနုသယခုနစ်အင် = မဖြစ်ပေါ်သေးဘဲ စိတ် သန္တာန်၌ ကိန်းနေသော တရားခုနစ်မျိုး။ ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ ဤခုနစ်မျိုး ဖြစ်သည်။

သံယောဇဉ်ဆယ်တန် = သတ္တဝါတို့ကို သံသရာစက်မှ မထွက်နိုင်အောင်ဖွဲ့နှောင်ဆွဲတွယ်တတ်သော တရားဆယ်ပါး။ ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ သီလဗ္ဗတ ပရာမာသ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ ဤဆယ်မျိုး

Generated by CamScanner from intsig.com

ဖြစ်သည်။

ကိလေသာ = စိတ်ကို ညစ်နွမ်းစေတတ် ပူလောင်စေတတ်သော တရား။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူ၍ ကိလေသာဆယ်ပါး။

ထောင့်ငါးရာကိလေသာ = လောကီစိတ် –၁၊ စေတသိက်– ၅၂၊ ပေါင်း နာမ်တရား–၅၃။ နိပ္ဖန္နရုပ် – ၁၈၊ လက္ခဏာရုပ်–၄၊ ပေါင်း ရုပ်တရား–၂၂။ နာမ်ရုပ် နှစ်ရပ်ပေါင်း ၇၅။ ယင်းကို အဇ္ဈတ္တဗဟိဒ္ဓ သန္တာန် နှစ်ပါးနှင့် မြှောက် – ၁၅၀။ ယင်း ၁၅၀– သည် အားလုံးကိလေသာ ဆယ်ပါး၏ အာရုံဖြစ်နိုင်သောကြောင့် ကိလေသာ ၁၀–ပါးနှင့် မြှောက်၊ ၁၅၀ X ၁၀ = ၁၅၀၀ ဖြစ်၏။

အရဟတ္တမဂ္ဂ = မဂ်လေးပါးတွင် အထွတ်အထိပ်ဖြစ်သော မဂ်။

အာသဝက္ခယဉာဏ် = အာသဝေါတရား ကုန်ရာဖြစ်သော ဉာဏ်။

ဝိဇ္ဇာသုံးပါး = ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်။

ဝိဇ္ဇာရှစ်ပါး = ၁–ပုဗ္ဗေနိဝါသဉာဏ်၊ ၂–ဒိဗ္ဗစက္ခုဉာဏ်၊ ၃–အာသဝက္ခယဉာဏ်၊ ၄–နတ်၏နားကဲ့သို့ ကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဉ်၊ ၅–သူတစ်ပါးစိတ်ကို သိနိုင်သော ပရစိတ္တဝိဇာနန အဘိညာဉ်၊ ၆–တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်၊ ၇–စိတ်အလိုအတိုင်း ပြီးနိုင်သော မနောမယိဒ္ဓိ၊ ၈–ဝိပဿနာဉာဏ်။

လူတမွတ် = လူတွင်အမြတ်။

## အပိုဒ် ၄

အာသယကိန်းဟန် = ကိန်းအောင်းနေသောအလို။

အာသယာနုသယဉာဏ် = သတ္တဝါတို့၏ အလိုကို သိသောဉာဏ်။

ဣန္ဒြေရင့်မရင့် = ပါရမီဓာတ်ခံ ရင့်မရင့်။

ဣန္ဒြိယပရောပရိယတ္တိဉာဏ် = ကျွတ်ထိုက်သော သတ္တဝါတို့၏ ပါရမီဓာတ်ခံ ရင့်မရင့်ကို သိသောဉာဏ်။

သဗ္ဗညုတဉာဏ် = အလုံးစုံကို အကုန်အစင် သိသောဉာဏ်။

သင်္ခါရ = အကြောင်းတရားတို့ ပြုပြင်အပ်သည့် ရုပ်နာမ်တရား။

Generated by CamScanner from intsig.com

ဝိကာရ = ရုပ်နာမ်တရားတို့၏ အခြင်းအရာ။

လက္ခဏာ = ရုပ်နာမ်တရားတို့၏ လက္ခဏာ။

နိဗ္ဗာန် = ဝဋ်ဆင်းရဲ ငြိမ်းအေးမှု။

ပညတ် = ခေါ်ဝေါ် သမုတ်သည့် အမည် အမျိုးမျိုး။

ဉေယျဓမ် = သဗ္ဗညုတဉာဏ်ဖြင့် သိအပ်သော တရားငါးပါး။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်။

အနာဝရဏဉာဏ် = အပိတ်အပင် အဆီးအတား မရှိ မြင်သိသောဉာဏ်။

ယမိုက်ပြာဋိဟာ = ရေ၊ မီး အစုံ အစုံ ထွက်စေသော တန်ခိုး။

ယမကပါဋိဟာရိယ ဉာဏ် = ရေ၊ မီး အစုံ အစုံ ထွက်စေသည့် တန်ခိုးပြာဋိဟာကို ဖြစ်စေတတ်သောဉာဏ်။

မဟာကရုဏာ သမာပတ္တိဉာဏ် = လွန်စွာကြီးမားသည့် ကရုဏာတော်ကို ဝင်စားသည့် ဉာဏ်။

ဆအသာဓာရဏဉာဏ် = အခြားပုဂ္ဂိုလ်များနှင့် မဆက်ဆံသော မြတ်စွာဘုရား၌သာရှိသည့် ဉာဏ်တော်ခြောက်ပါး။
၁–အာသယာနုသယဉာဏ်၊
၂–ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊
၃–သဗ္ဗညုတဉာဏ်၊
၄–အနာဝရဏဉာဏ်၊
၅–ယမကပါဋိဟာရိယဉာဏ်၊
၆–မဟာကရုဏာ သမာပတ္တိဉာဏ်။

စကြဝဠာ = ကမ္ဘာလောကဓာတ်။

သမန္တဘရုပ် = ထက်ဝန်းကျင်ရုပ်။

ပသာဒစက္ခု = ပကတိမျက်စိ၊ မံသစက္ခုဟုလည်း ဆိုသည်။ အောက်မဂ်ဉာဏ်။

ဉာဏစက္ခု = ဉာဏ်မျက်စိ။ အရဟတ္တမဂ်ဉာဏ်။

ဒိဗ္ဗစက္ခု = နတ်မျက်စိကဲ့သို့မြင်သော ဉာဏ်မျက်စိ။

ဗုဒ္ဓစက္ခု = အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်။

သမန္တစက္ခု = သဗ္ဗညုတဉာဏ်။

## အပိုဒ် ၅

ပလ္လင် = ဘုရားဖြစ်ရာ အပရာဇိတပလ္လင်။

အနိမိသ = ပလ္လင်တော်ကို မမှိတ်သောမျက်စိဖြင့် ခုနစ်ရက်တိုင်တိုင် ရပ်၍ ရှုစားတော်မူရာဌာန (အနိမိသ သတ္တာဟ)။

စင်္ကမ = ခုနစ်ရက်ပတ်လုံး စင်္ကြံ ကြွရာ ဌာန (စင်္ကမ သတ္တာဟ)။

စတုတ္ထသတ္တာဟ = လေးပတ်မြောက် ရက်သတ္တပတ်။

ရတနာရွှေအိမ် = ရတနာဃရ သတ္တာဟ။

အဘိဓမ္မာခုနစ်ကျမ်း = ၁–ဓမ္မသင်္ဂဏီ၊ ၂–ဝိဘင်း၊

Generated by CamScanner from intsig.com

၃–ဓာတုကထာ၊ ၄–ပုဂ္ဂလပညတ် ၅–ကထာဝတ္ထု၊ ၆–ယမိုက်၊ ၇–ပဋ္ဌာန်း။

ဝတ္ထုပသာဒိန္ဒြေ = အထည်ကိုယ်ဒြပ် ဖြစ်သည့် တစ်ကိုယ်လုံး။

နီလ = အညို။

ပီတ = အဝါ၊ အရွှေ။

လောဟိတ = အနီ။

ဩဒါတ = အဖြူ။

မဥ္ဇိဋ္ဌ = အနီနု။

ပဘာဿရ = ပြိုးပြိုးပြက်။

ဂီဝါ = ရွှေ။

သာဠွာ = ဘော်ငွေ။

## အပိုဒ် ၆

ပရိဗိုဇ် = သာသနာ့ပြင်ဘက် ရဟန်းတစ်မျိုး။

တက္ကတွန်း = သာသနာ့ပြင်ဘက် ရဟန်းတစ်မျိုး။

မုနေ့ = သူမြတ်။

အရည်း = ရသေ့ရဟန်း။

ဦးပြည်း = ခေါင်းတုံးရိတ်ထားသော ရသေ့ ရဟန်း။

တပသီ = ရသေ့တစ်မျိုး။

ဇဗ္ဗာဂီ = သာသနာပ ရသေ့တစ်မျိုး။

ဝါဒီ = အယူဝါဒရှိသူ။

စရိုက်ဘာဝ = အပြုအမူအလေ့အကျင့်။

သာသနာ့ဗာဟိ = သာသနာတော်ပြင်ဘက်။

အဓိသီလ = လွန်ကဲသောသီလ။

အာပတ်ခုနစ်ပုံ = ၁–ပါရာဇိက၊ ၂–သံဃာ ဒိသိသ်၊ ၃–ထုလ္လစ္စဉ်း၊ ၄–ပါစိတ်၊ ၅–ပါဋိဒေသနီ၊ ၆–ဒုက္ကဋ်၊ ၇–ဒုဗ္ဘာသိ။

ပါတိမောက္ခသံဝရ = ရဟန်းကျင့်ဝတ် ပါတိမောက် သိက္ခာပုဒ်ကို စောင့်စည်းခြင်း။

ဣန္ဒြေခြောက်ပါး = မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။

ဣန္ဒြိယသံဝရ = ဣန္ဒြေခြောက်ပါးကို စောင့်စည်း ခြင်း။

မိစ္ဆာဇီဝ = တရားနှင့်မညီသော အသက်မွေး ခြင်း။

အာဇီဝပါရိသုဒ္ဓိသီလ = သက်မွေးဝမ်းကြောင်း စင်ကြယ်မှု။

ပစ္စဝေက္ခဏာ = ဆင်ခြင်သုံးသပ်ခြင်း။

ပစ္စယသန္နိဿိတသီလ = ပစ္စည်းလေးပါးကို ဆင်ခြင်၍ မှီဝဲခြင်း။

စတုပါရိသုဒ္ဓိသီလ = အလွန်စင်ကြယ်သော သီလ လေးပါး။
၁–ပါတိမောက္ခ သံဝရ သီလ၊
၂–ဣန္ဒြိယသံဝရသီလ၊
၃–အာဇီဝပါရိသုဒ္ဓိသီလ၊

၄-ပစ္စယသန္နိဿိတသီလ။

| | |
|---|---|
| သီလဝိသုဒ္ဓိ | = သီလစင်ကြယ်မှု။ |
| မဟဂ္ဂုတ် | = ရုပ်၊ အရုပ်။ |
| စိတ္တဝိသုဒ္ဓိ | = စိတ်စင်ကြယ်မှု။ |
| မိစ္ဆာဝါဒီ | = ဖောက်ပြန်သော အယူရှိသူ။ |

## ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဝါဒ

၁။ ပုဗ္ဗန္တ ကပ္ပိက (ပုဗ္ဗန္တာနု ဒိဋ္ဌိ) ဝါဒ ၁၈ မျိုး။

ပုဗ္ဗ + အန္တ = ရှေးအတိတ်က ဖြစ်ခဲ့သော တရားစု (အကြောင်းအရာ ကို + ကပ္ပိက = ကြံစည်စဉ်းစားသူ တို့၏ + ဝါဒ = အပြောအဆ အယူအဆ။

၂။ အပရန္တ ကပ္ပိက (အပရန္တာနုဒိဋ္ဌိ) ဝါဒ ၄၄ မျိုး။

အပရ + အန္တ = နောက်အနာဂတ်+တရားစုကို+ကပ္ပိက = ကြံစည်ရေး စဉ်းစားလေ့၊ တွေးတောလေ့ရှိသူ။

### ၁။ ပုဗ္ဗန္တကပ္ပိက ဝါဒ ၁၈-မျိုး

၁-က။ သဿတဝါဒ ၄-မျိုး။

သဿတ=သဿတဝါဒ၊ တို့ သန္တာန်၌ အတ္တရှိ၏၊ ထိုအတ္တသည် ဘယ်အခါ မပျက်စီးဘဲ မြဲ၏ဟု ယူဆသော အယူဝါဒ။

၁-ခ။ ဧကစ္စသဿတဝါဒ ၄-မျိုး။

ဧကစ္စ=အချို့+သဿတ=မြဲ၏။ ဧကစ္စ အသဿတ = အချို့မမြ

၁-ဂ။ အန္တာနန္တဝါဒ ၄-မျိုး။

အန္တ =လောကကြီးအဆုံးရှိ၏။ အနန္တ= လောကကြီး အဆုံးမရှိ။ အန္တာ နန္တ ဝါဒ=လောကကြီး အဆုံးလည်းရှိ၊ အဆုံးလည်း မရှိဟူသော အယူအဆ။

၁-ဃ။ အမရာ ဝိက္ခေပဝါဒ ၄-မျိုး။

အမရာဝိက္ခေပ = မပြီးပြတ်နိုင်သော အယူ။ စိတ်ထဲ၌ ထိုအယူရှိသည့်အတိုင်း ပြောအပ်သောစကားကို 'အမရာ' ဟု ခေါ်၏။ ဝိက္ခေပ = ဝိ+ခေပ = အမျိုးမျိုးအဖုံဖုံပြော၍ + ဖယ်ရှား ရှောင်တိမ်းခြင်း။ တစ်နည်း အမရာမည်သော ငါးတစ်မျိုးရှိ၏၊ ထိုငါးသည် ငုပ်လိုက်ဖော်လိုက်နှင့် ပြေးသွားကာ အရှောင်အတိမ်း ကောင်းလှသောကြောင့် ဖမ်း၍မမိနိုင်၊ ထိုငါးနှင့်တူသော အယူ စကားကိုလည်း 'အမရာဝိက္ခေပ' ဟု ခေါ်သည်။

၁-င။ အဓိစ္စ သမုပ္ပန္နဝါဒ ၂ မျိုး။

အဓိစ္စသမုပ္ပန္န။ အဓိစ္စ = အကြောင်းတစ်စုံတစ်ရာကို မစွဲမှီဘဲ (အကြောင်းမရှိဘဲ) + သမုပ္ပန္န = ဖြစ်သည်။ အတ္တသည် ဘာ့ကြောင့်မှ ဖြစ်လာရသည် မဟုတ်၊ သူ့ဖြစ်ချင်လို့ ဖြစ်သည်ဟူသော အယူကို အဓိစ္စသမုပ္ပန္နဟု ခေါ်သည်။

၁-က။ သဿတဝါဒ ၄-မျိုး

(က) ဘဝပေါင်းများစွာကို ကိုယ်တိုင်သိမြင်သဖြင့် အတ္တ သည် မြဲ၏။

(ခ) ဆယ်ကမ္ဘာအထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ဂ) ကမ္ဘာလေးဆယ်အထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တ သည် မြဲ၏။

(ဃ) ကိုယ်တိုင်မသိ၊ တွေးတောကြံဆ၍ အတ္တသည် မြဲ၏။ (တက္ကီပုဂ္ဂိုလ်)

[ဘဝပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ရာဝယ် ခန္ဓာ အိမ်သာ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲရ၏။ အတ္တ (ငါ) ကား မပြောင်းလဲ။ ခန္ဓာအိမ်၌ မပျက်မစဲ အမြဲတည်သောအတ္တသည် ကောန်ရှိ၏။ ဤသို့ယူဆသူများ ဖြစ်သည်။]

Generated by CamScanner from intsig.com

**၁-ခ။ ဧကစ္စသဿတဝါဒ ၄-မျိုး**

(က) လောကဖန်ဆင်းသော ဗြဟ္မာကြီးသည် မြဲ၏။ မိမိတို့ကား မမြဲ။ [ဣဿရနိမ္မာနဝါဒ = ဖန်ဆင်းဝါဒ]

(ခ) အပျော်အပါးများသော (ခိဍ္ဍာပဒေါသိက) နတ်တို့သည် မမြဲ။ အပျော်အပါးမများသော နတ်တို့သည် မြဲ၏။ ခိဍ္ဍာ = မြူးထူးပျော်ပါးမှုများသဖြင့် ပဒေါသ = ပျက်စီးရသောနတ်။

(ဂ) ဒေါသကြီးသော (မနောပဒေါသိက) နတ်တို့သည် မမြဲ၊ ဒေါသမကြီးသောနတ်တို့သည် မြဲ၏။

[မန = ဒေါသစိတ်ကြောင့် + ပဒေါသ = စုတေပျက်စီးရသူ။]

(ဃ) ရုပ်သည် မမြဲ၊ စိတ်သည်မြဲ၏။ (တက္ကီပုဂ္ဂိုလ်)။

[သူကား လွန်လေပြီးသောအတိတ်ဘဝကို မမြင်။ ပစ္စုပ္ပန်ဘဝပေါ်တွင် အချို့မြဲ၍ အချို့မမြဲဟု စဉ်းစားသူဖြစ်သည်။]

**၁-ဂ။ အန္တာနန္တဝါဒ ၄-မျိုး**

(က) လောကကြီး အဆုံးရှိ၏။ (အန္တဝါဒ)

(ခ) လောကကြီးအဆုံးမရှိ။ (အနန္တဝါဒ)

(ဂ) လောကကြီး အဆုံးလည်းရှိ။ အဆုံးလည်းမရှိ။ (အန္တာနန္တဝါဒ)။

(ဃ) လောကကြီး အဆုံးလည်းမဟုတ်၊ အဆုံးမရှိလည်း မဟုတ်၊ (နေဝအန္တနာနန္တဝါဒ) (တက္ကီပုဂ္ဂိုလ်)

[မိမိတို့၏ ပထဝီကသိုဏ်းအားလျော်စွာ ထင်မြင် ယူဆချက်များဖြစ်၏။]

**၁-ဃ။ အမရာဝိက္ခေပဝါဒ ၄-မျိုး**

(က) မုသားကြောက်၍ စကားကို ဖယ်ရှားတိမ်းရှောင်၏။

(ခ) စွဲလမ်းမှုဥပါဒါန်ကြောက်၍ ဖယ်ရှားတိမ်းရှောင်၏။

(ဂ) ပညာရှိများ စစ်ဆေးမည်ကိုကြောက်၍ ဖယ်ရှားတိမ်းရှောင်၏။

(ဃ) ညံ့ဖျင်း ထုံအ,ခြင်းကြောင့် ဖယ်ရှားတိမ်းရှောင်၏။

[အမရာဝိက္ခေပ လေးမျိုးလုံး၌ သူတစ်ပါးကမေးသည်ကို မသိ၍ ရှောင်လွှဲနေရခြင်းသာဖြစ်၍ ဘယ်နည်းဖြင့် မိစ္ဆာအယူဖြစ်နိုင်သနည်းဟု မေးဖွယ်ရှိ၏။ ရှောင်လွှဲနေရုံမျှဖြင့် မိစ္ဆာအယူ မဖြစ်ချေ။ "ငါ့မှာ မုသားဖြစ်လိမ့်မည်။ ငါ့မှာ ဥပါဒါန်ဖြစ်လိမ့်မည်။ ငါ့ကို စစ်ဆေးကြလိမ့်မည်" ဟု ငါဟူသော အတ္တစွဲရှိ၏။ ထိုသို့ အတ္တစွဲအရင်းခံ၍ ဖြစ်ပေါ်လာသော အယူဝါဒဖြစ်သောကြောင့် ရှေးပုဂ္ဂိုလ်သုံးမျိုးကို မိစ္ဆာဒိဋ္ဌိအယူရှိသူဟု ဆိုရမည်။ စတုတ္ထပုဂ္ဂိုလ်ကား မောဟကြီးသဖြင့် ကုသိုလ် အကုသိုလ်မှန်း လုံးဝမသိ။ ထိုသို့ မသိသည်ကို မသိရိုးရိုးမနေဘဲ ရှောင်လွှဲ၍ ဖြေဆိုမှုကိုပင် အကောင်းဟု စွဲစွဲမြဲမြဲ သဘောကျသော အယူတစ်မျိုးဖြစ်၏။ ထိုအယူကိုပင် မှားသော အယူ (မိစ္ဆာဒိဋ္ဌိ) တစ်မျိုးဟု ဆိုရမည်။]

**၁-င။ အဓိစ္စသမုပ္ပန္န ၂-မျိုး**

(က) အသညသတ်ဘုံမှ စုတေခဲ့သူ၏ အယူဝါဒ။

[သညာ (ဝါ) စိတ်မရှိသော သတ္တဝါတို့နေရာ ဘုံမှ ရောက်လာသူဖြစ်သည်။ သူသည် လူ့ဘုံရောက်မှ သညာကို စတွေ့ရသည်။ သို့ကြောင့် အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမရှိဘဲ ဖြစ်၏ဟု ယူဆ၏။]

(ခ) တက္ကီပုဂ္ဂိုလ်၏ အယူအဆ။

[ထိုသူကား လောကသည်လည်းကောင်း၊ အတ္တသည်လည်းကောင်း အကြောင်းမရှိဘဲ သူဖြစ်ချင်သလို ဖြစ်၏ဟု ကြံဆပြောပြသူဖြစ်သည်။]

ရှေးအတိတ် အကြောင်းအရာအစုကို ကြံစည်တတ်၊ အစဉ်လိုက်

Generated by CamScanner from intsig.com

၍ မိစ္ဆာအယူကို ယူတတ်ကုန်သောသူတို့သည် ရှေးအတိတ် အကြောင်း အရာစုကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုး တို့ကို ဤပြခဲ့သော အကြောင်း ၁၈မျိုးတို့ဖြင့် ခွဲမြဲစွာ ပြောဆို တတ်ကြ၏။

## ၂။ အပရန္တကပ္ပိကဝါဒ ၄၄–မျိုး

၂–က။ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆–မျိုး။

*[အာဃာတန = သေခြင်း = (သေရာကာလ) + ဥဒ္ဓ=အထက် (နောက်) သေပြီးနောက် အတ္တအကြောင်းအရာကို ပြောဆိုလေ့ ရှိသူများကို "ဥဒ္ဓမာဃာတနိက" ဟု ခေါ်၏။]*

၂–ခ။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈–မျိုး။

၂–ဂ။ ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ ၈–မျိုး။

၂–ဃ။ ဥစ္ဆေဒဝါဒ ၇–မျိုး။

၂–င။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅–မျိုး။

### ၂–က။ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆–မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာလည်းရှိ၏။

(ခ) အတ္တသည် ရုပ်သဘောမရှိ။ သေပြီးနောက် ပျက်စီးခြင်း သဘောမရှိ။ သညာလည်းရှိ၏။

(ဂ) အတ္တသည် ရုပ်သဘော အရှိလည်းဟုတ်၏။ ရုပ်သဘော မရှိလည်း ဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်းမဟုတ်။ ရုပ်သဘော မရှိသည်လည်းမဟုတ်။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဆ) အတ္တသည် အဆုံးရှိလည်းဟုတ်။ အဆုံးမရှိလည်း ဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဇ) အတ္တသည် အဆုံးရှိလည်းမဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဈ) အတ္တသည် တစ်မျိုးတည်းသော သညာရှိ၏။ သေပြီး နောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ည) အတ္တသည် အမျိုးမျိုးသညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဋ) အတ္တသည် သေးငယ်သော သညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဌ) အတ္တသည် အတိုင်းအရှည် မရှိလောက်အောင် ကြီး ကျယ်သော သညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(ဍ) အတ္တသည် စင်စစ်သုခရှိ၏။ သေပြီးနောက် ပျက်စီး ခြင်းမရှိ။ သညာရှိ၏။

(ဎ) အတ္တသည် စင်စစ်ဒုက္ခရှိ၏။ သေပြီးနောက် ပျက်စီး ခြင်းမရှိ။ သညာရှိ၏။

(ဏ) အတ္တသည် သုခ၊ ဒုက္ခနှစ်မျိုးလုံးရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(တ) အတ္တသည် အဒုက္ခ မသုခ (ဥပေက္ခာ)ရှိ၏။ သေပြီး နောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

[ဥဒ္ဓမာဃာတန အယူအဆ သညီဝါဒ ရှိကုန်သောသူတို့သည်

ဤ ၁၆–ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိသည်ဟု ယူဆကြလေသည်။]

၂–ခ။ ဥဒ္ဒမာဃာတနိက အသညီဝါဒ ၈–မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(ခ) အတ္တသည် ရုပ်သဘောမရှိ။ သေပြီးနောက်မြဲ၏။ သညာမရှိ။

(ဂ) အတ္တသည် ရုပ်သဘောအရှိလည်းဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်း မဟုတ်။ ရုပ်သဘောမရှိလည်း မဟုတ်။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ။ အဆုံးလည်းမရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်းမဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက် မြဲ၏။ သညာမရှိ။

[ဥဒ္ဒမာဃာတနိက အသညီဝါဒရှိသော သူတို့သည် ဤ၈ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာမရှိဟု ယူဆကြ၏။]

၂–ဂ။ ဥဒ္ဒမာဃာတနိက နေဝသညီနာသညီဝါဒ ၈–မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် မြဲ၏။ သညာရှိလည်းမဟုတ်။ သညာမရှိလည်း မဟုတ်။

(ခ) အတ္တသည် ရုပ်သဘောမရှိ။

(ဂ) အတ္တသည် ရုပ်သဘောလည်းရှိ၏။ ရုပ်သဘောလည်း မရှိ။

(ဃ) အတ္တသည် ရုပ်သဘောအရှိလည်းမဟုတ်။ ရုပ်သဘော မရှိလည်းမဟုတ်။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ။ အဆုံးလည်း မရှိ။

(ဇ) အတ္တသည် အဆုံးလည်းမဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက် မြဲ၏။ သညာရှိလည်းမဟုတ်။ သညာမရှိလည်းမဟုတ်။

[ဥဒ္ဒမာဃာတနိက နေဝသညီနာသညီဝါဒရှိသောသူတို့သည် ဤ၈ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိလည်းမဟုတ်၊ သညာမရှိလည်းမဟုတ်ဟု ယူဆကြ၏။]

၂–ဃ။ ဥစ္ဆေဒဝါဒ ၇–မျိုး

[သတ္တဝါသည် သေလျှင်အသက်မရှိ၊ ပြတ်စဲတော့၏ဟူသော အယူကို ဥစ္ဆေဒဝါဒဟု ခေါ်သည်။]

(က) ခန္ဓာကိုယ် ပျက်စီးလျှင် အတ္တလည်းပြတ်စဲ ပျောက်ပျက်၏။ သေပြီးနောက် ဘာမျှ မဖြစ်တော့ချေ။

(ခ) လူ့ဘဝတစ်ဘဝမျှဖြင့် ဤအတ္တသည် မပြတ်စဲသေး၊ နတ်ဖြစ်ပြီးနောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှထပ်၍ မဖြစ်တော့ချေ။

(ဂ) နတ်ဘဝဖြင့် ဤအတ္တသည် မပြတ်စဲသေး။ ဗြဟ္မာ

ဖြစ်ပြီးနောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှ ထပ်၍ ဖြစ်တော့ချေ။

(ဃ) အာကာသာနဉ္စာယတန ဘုံသို့ရောက်မှ အတ္တသည် ပြတ်၏။

(င) ဝိညာဏဉ္စာယတနဘုံသို့ရောက်မှ အတ္တသည်ပြတ်၏။

(စ) အာကိဉ္စညာယတနဘုံသို့ရောက်မှ အတ္တသည် ပြတ်၏။

(ဆ) နေဝသညာနာသညာယတနဘုံသို့ ရောက်မှ အတ္တသည် ပြတ်၏။

[ဉစ္ဆေဒ အယူရှိကုန်သော သူတို့သည် ဤ ၇-မျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ ပြတ်စဲပျက်စီး ကင်းပျောက်ခြင်းကို ပြောဆိုကြ၏။]

## ၂-င။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-မျိုး

[လက်ရှိခန္ဓာကိုယ်၌ ဒုက္ခကင်း၍ ချမ်းသာစွာ နေရခြင်းကို ဒိဋ္ဌဓမ္မနိဗ္ဗာန = လောကီနိဗ္ဗာန်ဟု ခေါ်သည်။]

(က) ကာမဂုဏ်ငါးပါးဖြင့် တင့်တယ်စံပယ်လျက် ခံစား စံစားရခြင်းသည် သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မ နိဗ္ဗာန်ဖြစ်၏။

(ခ) ပထမဈာန်ကိုရသည့်အခါ အတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်၏။

(ဂ) ဒုတိယဈာန်ကို ရသည့်အခါ အတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်၏။

(ဃ) တတိယဈာန်ကိုရသည့်အခါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်။

(င) စတုတ္ထဈာန်ကိုရသည့်အခါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်။

[ဤငါးမျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို ပြောဆိုယူဆကြသည်။]

နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်တတ် ယူဆတတ်သော သူတို့သည် ဤပြခဲ့သော အကြောင်း ၄၄-မျိုး တို့ဖြင့် စွဲမြဲစွာ ပြောဆိုကြ၏။

ဤသို့လျှင် ရှေးအတိတ်ကဖြစ်ခဲ့သော အကြောင်းအရာများကို ကြံစည်စဉ်းစားသူတို့၏ အယူအဆ ဝါဒ ၁၈-မျိုးနှင့် နောက်အနာဂတ် အကြောင်းအရာကို ကြံစည်စဉ်းစားသူတို့၏ အယူအဆဝါဒ ၄၄-မျိုးအားဖြင့် (၆၂) ပါးသော ဒိဋ္ဌိဝါဒတို့ ဖြစ်သတည်း။

(ဤ ၆၂-ပါးသော ဒိဋ္ဌိတို့အကြောင်း အကျယ်ကို မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီး ပြုစုတော်မူသော သမန္တစက္ခု ဒီပနီကျမ်း ပထမစာအုပ်တွင် အလွယ်ကြည့်နိုင်ပါသည်။ မူရင်းကျကျ လေ့လာလိုပါက ဗြဟ္မဇာလသုတ်တွင် ကြည့်ရှုကြပါကုန်။ ဤမှတ်ချက်ကိုမူ ဗြဟ္မဇာလသုတ်မှ အကျဉ်းချုပ်ကောက်နုတ်ခြင်း ဖြစ်ပါသည်။)

| | | |
|---|---|---|
| ဝိတဏ္ဍိ | = | ဆန့်ကျင်သော အယူရှိသူ။ |
| ဒိဋ္ဌိဝိသုဒ္ဓိ | = | အယူအမြင် စင်ကြယ်မှု။ |
| ကင်္ခါဝိတရဏဝိသုဒ္ဓိ | = | တစ်ဆယ့်ခြောက်ပါးသော ယုံမှားသင်္ကာကို လွန်မြောက်သော ဉာဏ်၏ စင်ကြယ်မှု။ |
| တစ်ဆယ့်ခြောက်ပါးသော | = | ယုံမှားခြင်းတစ်ဆယ့်ခြောက်ပါး။ |
| ယုံမှားသင်္ကာ | | ၁။ ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့သလော။ |
| | | ၂။ ငါသည် အတိတ်ကာလ၌ မဖြစ်ခဲ့သလော။ |
| | | ၃။ ငါသည် အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ခဲ့သနည်း။ |
| | | ၄။ ငါသည် အတိတ်ကာလ၌ အဘယ် |

Generated by CamScanner from intsig.com

သို့ ဖြစ်ခဲ့သနည်း။

၅။ ငါသည်အတိတ်ကာလ၌ အဘယ်သူ ဖြစ်ပြီးနောက် အဘယ်သူ ဖြစ်ခဲ့ သနည်း။

၆။ ငါသည် အနာဂတ် ကာလ၌ ဖြစ်လတ္တံ့လော။

၇။ ငါသည် အနာဂတ်ကာလ၌ မဖြစ် လတ္တံ့လော။

၈။ ငါသည် အနာဂတ်ကာလ၌ အဘယ် သို့သောသူ ဖြစ်လတ္တံ့နည်း။

၉။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း။

၁၀။ ငါသည်အနာဂတ်ကာလ၌ အဘယ် သူဖြစ်ပြီးနောက် အဘယ်သူ ဖြစ် လတ္တံ့နည်း။

၁၁။ငါသည် ဟုတ်ပါလေ၏လော။

၁၂။ငါသည် မဟုတ်လေသလော။

၁၃။ငါ ဘယ်သူဖြစ်သနည်း။

၁၄။ငါ အဘယ်သို့ဖြစ်သနည်း။

၁၅။ငါသည် အဘယ်မှ လာသနည်း။

၁၆။ငါသည် အဘယ်သို့ သွားလတ္တံ့ နည်း။

မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ = မဂ်ဟုတ်မဟုတ် သိမြင်နိုင်သော ဉာဏ်အမြင် စင်ကြယ်မှု။

ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ = မဂ်ရောက်ကြောင်း ကျင့်စဉ်ကို သိ မြင်သော ဉာဏ်စင်ကြယ်မှု။

သဟဇာတ် = တကွဖြစ်သော။

သမ္ပယုတ် = အတူယှဉ်သော။

သစ္စာလေးတန်ကို ဆယ့်ခြောက်နက် ဝေဖန်၍ = သစ္စာအနက် ဆယ့်ခြောက်ချက်။

ဉာဏဒဿနဝိသုဒ္ဓိ = သစ္စာလေးပါး အမှန်တရားကို သိမြင်သော ဉာဏ်အမြင် စင်ကြယ်မှု။

တဒင်္ဂဝိမုတ္တိ = ကာမ ကုသိုလ်ဖြင့် ကိလေသာမှ အခိုက်အတန့်မျှ လွတ်မြောက်မှု။

ဝိက္ခမ္ဘနဝိမုတ္တိ = မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာကို ပယ်ခွာ လွတ်မြောက်မှု။

သမုစ္ဆေဒဝိမုတ္တိ = မဂ်ဖြင့် ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်မှု။

ပဋိပဿမ္ဘနဝိမုတ္တိ = ဖိုလ်ဖြင့် ကိလေသာမှ ထပ်မံ လွတ်မြောက်မှု။

နိဿရဏဝိမုတ္တိ = ကိလေသာမှ လုံးဝလွတ်မြောက်မှု။

အာဂါရမုနိ = လူဝတ်ကြောင်သူမြတ်။

အနာဂါရမုနိ = ရဟန်းသူမြတ်။

သေက္ခမုနိ = အရိယာပုဂ္ဂိုလ် ခုနစ်ယောက်။

အသေက္ခမုနိ = ရဟန္တာပုဂ္ဂိုလ်။

ပစ္စေကမုနိ = ပစ္စေကဗုဒ္ဓါ။

မုနိန္ဒာဘိပဝရ = မုနိငါးပါးတို့ထက်မြတ်သော။

အတုလမုနိ = အတုမရှိသော မြတ်စွာဘုရား။

Generated by CamScanner from intsig.com

## အပိုဒ် ၇

ဂင်္ဂါဝါဠု = ဂင်္ဂါမြစ်တွင်းရှိသဲများ။

အနန္တဉ္စ = အဆုံးမရှိသော နိဗ္ဗာန်သို့ ရောက်တော်မူသော။

သီလသံဝရ = သီလစောင့်ခြင်း။

ဣန္ဒြိယသံဝရ = ဣန္ဒြေခြောက်ပါး စောင့်စည်းခြင်း။

ဘောဇနေမတ္တညုတာ = ဘောဇဉ်၌ အတိုင်းအရှည်သိခြင်း။

ဇာဂရိယာနုယောဂ = နိုးကြားခြင်းနှင့်ယှဉ်ခြင်း။

သဒ္ဓါ = ရတနာသုံးပါး၊ ကံနှင့်အကျိုးကို ယုံကြည်ခြင်း။

သတိ = တရားမမေ့ခြင်း။

ဟိရီ = မကောင်းမှုကို ရှက်ခြင်း။

ဩတ္တပ္ပ = မကောင်းမှုကို ကြောက်ခြင်း။

ဗာဟုသစ္စ = အကြားအမြင်များခြင်း။

ဝီရိယ = လုံ့လရှိခြင်း။

ပညာ = အသိဉာဏ်ရှိခြင်း။

လေးဖြာဈာန် = ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူသော ဈာန်လေးပါး။

စရဏတရား = အကျင့်တရား။

နာနာကုလ = လူမျိုးအသီးသီး။

ဝေါဟာရသဒ္ဒါ = ဘာသာစကား။

အတ္ထပဋိသမ္ဘိဒါ = အနက်ကိုခွဲခြမ်း၍ သိသောဉာဏ်။

ဝါစာဂီရတ် = နှုတ်ထွက်စကား။

ဓမ္မပဋိသမ္ဘိဒါ = ဓမ္မကို ခွဲခြမ်း၍ သိသောဉာဏ်။

ဝိဂ္ဂြိုဟ်ဝစနတ် = ပုဒ်၏ အနက်ရင်း။

ဓာတ် = ပုဒ်၏ရင်းမြစ်။

ပစ္စည်း = ပုဒ်၏ နောက်ဆက်စကား။

လိင် = ပုဒ်၏ ဣတ္ထိလိင်၊ ပုလ္လိင်။

အန် = ပုဒ်၏အဆုံး။

နိရုတ္တိပဋိသမ္ဘိဒါ = သဒ္ဒါနည်းကို ခွဲခြမ်း၍ သိသောဉာဏ်။

သဒ္ဒါပညတ် = ဝေါဟာရစကားအဖြစ်။

ပဋိဘာနပဋိသမ္ဘိဒါ = ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်။

ဣဒ္ဓိဝိဓ = တန်ခိုးအမျိုးမျိုးဖန်ဆင်းခြင်း။

စေတောပရိယ = သူတစ်ပါး၏စိတ်ကို သိသောဉာဏ်။

ယထာကမ္မူပဂ = ကံအတိုင်းဖြစ်နေကြသော (သတ္တဝါတို့ကို မြင်သောဉာဏ်)

အနာဂတံသ = နောင်ဖြစ်လတ္တံ့ကို မြင်သောဉာဏ်။

ရူပဈာန်လေးရပ် = ပထမ၊ဒုတိယ၊တတိယ၊စတုတ္ထဈာန်။

အရူပဈာန်လေးရပ် = အာကာသာ နဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန။

ကျေးဇူးတော် တစ်ဆယ့်ရှစ်ပါး = အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌ မပိတ်မပင်သော ဉာဏ်ရှိတော်မူသည့်သုံးပါး။

ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ဉာဏ်တော်လျှင် ပြဋ္ဌာန်း၏။

Generated by CamScanner from intsig.com

ဉာဏ်တော်သို့ အစဉ်လိုက်၏။
သုံးပါးပေါင်းသော် ခြောက်ပါး။
ဆန္ဒ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိတို့၏ ယုတ် လျော့ခြင်း မရှိ။
ပေါင်းသော် တစ်ဆယ့်နှစ်ပါး။
မြူးထူးခြင်းမရှိ၊ မြူးထူးလိုသော စကားမရှိ၊ ချွတ်ယွင်းသည်မရှိ၊ အဆောတလျင်ပြုသော အမှုမရှိ၊ ကြောင့်ကြခြင်းမရှိ၊ မစုံစမ်း မဆင်ခြင်မူ၍ ပြုခြင်းမရှိ၊ ပေါင်းသော် တစ်ဆယ့်ရှစ်ပါး။

အံ့ဖွယ်တစ်ဆယ့်ရှစ်စုံ = ၁၊ သကျန်းတော်သည် ဖွပ်ရ၊ ဆိုးရခြင်းမရှိ၊ နွမ်းရိခြင်းမရှိ။
၂၊ ဆံတော် သည် တောထွက်စ,က ဖြတ်သည့်အတိုင်း အသက်တော် ပတ်လုံး လက်နှစ်သစ်မျှသာ ရှိခြင်း။
၃၊ ပရိက္ခရာ ရှစ်ပါးကို ဆောင်ယူတော်မူသော်လည်း ကိုယ်နှင့် မထိခြင်း။
၄၊ သပိတ်တော်ဆေးလျှင် လက်တော်စင်နှင့်၍ လက်တော် ဆေးလျှင် သပိတ်တော်စင်နှင့်ခြင်း။
၅၊ မုန်ညင်းသီးခွံ တည်းဟူသော ကြွတ်ထဲသို ဝင်တော်မူနိုင်ခြင်း။
၆၊ ရောင်ခြည်တော် လွှတ်လျှင် အရပ်ဆယ်မျက်နှာ တိုင်အောင် နှံ့ခြင်း။
၇၊ ကိုယ်တော်ကို အသိန်းအသန်း ဖန်ဆင်း၍ သတ္တဝါကို ချွတ်နိုင်ခြင်း။
၈၊ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်သုံးပါး၌ အမိုက်ကို လည်းကောင်း၊ အလင်းကို လည်းကောင်း ဖန်ဆင်းနိုင်ခြင်း။
၉၊ ကိုယ်တော်ကို အထက် ကောင်းကင်သို့ ရောက်အောင် လဝန်းပေါ်သကဲ့သို့ မြှင့်နိုင်ခြင်း။
၁၀၊ သန့်ရှင်းသော၊ သာယာသော၊ သိလွယ်သော၊ နားချင်ဖွယ်သော၊ ပျံ့သော၊ လုံးသော၊ နက်နဲသော၊ ပဲ့တင်ထပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော်မူသည့် တရားတော်သည် ပရိသတ်ရှိလေရာရာ ကြားနိုင်ခြင်း။။
၁၁၊ လူနတ်တို့၏စိတ်ကို သိနိုင်သော အာသယာနုသယဉာဏ်။
၁၂၊ ကျွတ်အံ့သော သတ္တဝါတို့ကို သိတော်မူနိုင်သော မဟာကရုဏာ သမာပတ္တိဉာဏ်။
၁၃၊ ဤသူကား နက်ဖြန်ကျွတ်

Generated by CamScanner from intsig.com

လတ္တံ့၊ ဤသူကား သန်ဘက်
ကျွတ်လတ္တံ့ စသည်ဖြင့် သိနိုင်သော
ဣန္ဒြိယပရောပရိယတ္တိဉာဏ်။
ဥဒယျဗ္ဗတရားငါးပါး။
ပေါင်း ၁၈ ပါး။

## အပိုဒ် ၈

ဒေဝပုတ္တမာရ် = မာရ်နတ်။
ကိလေသမာရ် = ကိလေသာဆယ်ပါး။
ခန္ဓမာရ် = ခန္ဓာငါးပါး။
မစ္စုမာရ် = သေခြင်းတရား။
အဘိသင်္ခါရမာရ် = ပြုပြင်စီရင်မှု။
သတိပဋ္ဌာန် = သတိတည်ဆောက်မှု။
သမ္မပ္ပဓာန် = ကောင်းစွာအားထုတ်မှု။
ဣဒ္ဓိပါဒ် = မဟဂ္ဂုတ် လောကုတ္တရာ တရားထူးတို့ ဖြစ်ပေါ်ပြီးစီးခြင်း၏ အခြေပါဒဖြစ်သော တရား။
ဣန္ဒြေ = မိမိတို့ဆိုင်ရာကိစ္စ၌ အစိုးရမှု ရှိသော တရား။
ဗိုလ် = ဆန့်ကျင်ဘက် တရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ ခိုင်ခံ့အားကောင်းသောတရား။
ဗောဇ္ဈင် = မဂ်ဉာဏ်ဟူသော ဗောဓိ၏ အစိတ်အင်္ဂါ ဖြစ်သော တရား။
မဂ္ဂင် = မဂ်၏ အစိတ်အင်္ဂါဖြစ်သော တရား။
ဗောဓိပက္ခိယ = မဂ်ဉာဏ်၏ အသင်းအပင်း၌ ဖြစ်ကြသောတရား။ သတိပဋ္ဌာန်-၄၊ သမ္မပ္ပဓာန်-၄၊ ဣဒ္ဓိပါဒ်-၄၊ ဣန္ဒြေ-၅၊ ဗိုလ်-၅၊ ဗောဇ္ဈင်-၇၊ မဂ္ဂင်-၈ ပါး အားဖြင့် ၃၇ ပါး ရှိသည်။
မာရ်ဗိုလ်ပါ = မာရ်နတ်၏ စစ်သည်တပ်သား။
အသင်္ခတ = အကြောင်းတရား မပြုအပ်သော။
ခေမ = ဘေးကင်းရာနိဗ္ဗာန်။
ဓမ္မာရုံ = မဂ်တရား၏ အာရုံနိဗ္ဗာန်။

## အပိုဒ် ၉

ဌာနာဌာန ကောသလ္လဉာဏ် = အရာဟုတ်သည် မဟုတ်သည်ကို သိတတ်သောဉာဏ်
ဝိပါကဉာဏ် (ကမ္မဝိပါကန္တ ရဉာဏ်) = ကံအထူးကို သိတတ်သောဉာဏ်။
သဗ္ဗတ္ထဂါမိနီဉာဏ် = ကံ၏ အပိုင်းအခြားကို သိတတ်သောဉာဏ်။
နာနာဓာတုဉာဏ် = ဓာတ်တို့၏ အထူးအပြားကို သိတတ်သောဉာဏ်။
အဓိမုတ္တိဉာဏ် = သတ္တဝါတို့၏အလို နှလုံးသွင်းကို သိတတ်သောဉာဏ်။

Generated by CamScanner from intsig.com

| | | |
|---|---|---|
| ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် | = | ဣန္ဒြေရင့်မရင့်ကို သိတတ်သော ဉာဏ်။ |
| ဈာနာဒိသံကိလေသဉာဏ် | = | ဈာန် စသည်တို့၏ ညစ်ညူးခြင်းကို သိတတ်သောဉာဏ်။ |
| ခေတ်သုံးထပ် | = | ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယ ခေတ်သုံးပါး။ |
| လောကုတ္တရာတရားမြတ် ကိုးပါး | = | မဂ် ၄ ပါး+ဖိုလ် ၄ ပါး+နိဗ္ဗာန်၁။ (အချို့မူ၌ ၈ ပါးဟု ဆိုသည်။) |
| နရက် | = | ငရဲဘုံ။ |
| သုံးခရိုင် | = | ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ၃ ပါး။ |
| ဂုဏ်အရဟတ် | = | မြတ်သောဂုဏ်။ |

## အပိုဒ် ၁၀

| | | |
|---|---|---|
| အဓုဆက္ကသတ | = | ခြောက်ရာမှာ ငါးဆယ်လျော့ဟူသည့် သဘော၊ ငါးရာ့ ငါးဆယ် ဇာတ်တော်များကို ဆိုသည်။ (အဓု= အခွဲနှင့်တကွ၊ ဆက္ကသတ = ခြောက်ရာ)။ |
| အနန္တဘဝ | = | အဆုံးမရှိသောဘဝ။ |
| ဓနပရိစ္စာဂ | = | ပစ္စည်းဥစ္စာကို စွန့်ခြင်း။ |
| ပုတ္တပရိစ္စာဂ | = | သားသမီးကိုစွန့်ခြင်း။ |
| ဘရိယပရိစ္စာဂ | = | မယားကိုစွန့်ခြင်း။ |
| အင်္ဂပရိစ္စာဂ | = | မျက်စိစသော အင်္ဂါကိုစွန့်ခြင်း။ |
| ဇီဝိတ ပရိစ္စာဂ | = | အသက်ကိုစွန့်ခြင်း။ |

| | | |
|---|---|---|
| ဟေတုသမုဒါ | = | အကြောင်းပြည့်စုံခြင်း။ |
| ရံသီနေပြောက် | = | နေရောင် နေပြောက်။ |
| မေရုပဗ္ဗတ | = | မြင်းမိုရ်တောင်။ |
| သီလာတောင် | = | ကျောက်တောင်။ |
| တစ်ပြိုင်တည်လျက် တစ်ပြိုင်ပျက် | = | အတူဖြစ်၊ အတူပျက်သော စကြဝဠာကုဋေတစ်သိန်း။ |

## အပိုဒ် ၁၁

| | | |
|---|---|---|
| ဒဿနာကာရ | = | မြင်ပုံအခြင်းအရာ။ |
| သောဠသ | = | တစ်ဆယ့်ခြောက် (သစ္စာအနက် ဆယ့်ခြောက်ချက်)။ |
| မေဃဝန် | = | အလွန်သည်းထန်သော မိုးကြီး။ |
| ဓမ္မဘေရီ | = | တရားတည်းဟူသောစည်တော်။ |
| မေဒနီ | = | အဆီ၊ အနှစ်။ |
| ဒေဝါဓိဒေဝိန္ဒ | = | နတ်တကာတို့ထက်မြတ်သောနတ်။ |
| ဗြဟ္မာဓိဗြဟ္မိန္ဒ | = | ဗြဟ္မာတကာတို့ထက် မြတ်သော ဗြဟ္မာ |
| တိဘဝပါရဂူ | = | ကာမ၊ ရူပ၊ အရူပ ဟူသော ဘဝ သုံးပါး၏ တစ်ဘက်သို့ရောက်သည့် မြတ်စွာဘုရား။ |
| အဘိဘုပါမောက္ခ | = | ဗြဟ္မာတို့၏ အကြီးအကဲ။ |
| အနုတ္တရ | = | မိမိထက် လွန်မြတ်သူ မရှိသော။ |
| မဟာဓမ္မရာဇ် | = | တရားမင်း မြတ်စွာဘုရား။ |

Generated by CamScanner from intsig.com

## တိပိဋကဓရ(ယော)ဆရာတော်၏ဓမ္မပုံပြင်

"Pagoda Land" အမည်ရသော မြန်မာနိုင်ငံတွင် ဘုရား၊ ပုထိုး စေတီတော်များ ဖူးမြော်၍ မကုန်နိုင်အောင်ပင်ရှိလေသည်။ ရှေးခေတ်အဆက်ဆက်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းစေတီ၊ ဘုရားများရှိသကဲ့သို့ပင် ယခု မျက်မှောက်ကာလရောက်မှ အသစ်အသစ် တည်ထားကိုးကွယ်ကြသော စေတီ၊ ဘုရားများကလည်း အဆူဆူပင်ရှိ၏။ နောင်အနာဂတ်ကာလတွင်လည်း ဘုရားအဆူဆူ တည်ထားပူဇော်ကြပေလိမ့်ဦးမည်။

သူတစ်ပါးထက်ထူး၍ ကုသိုလ်ဆည်းပူးလိုကြသော ဗုဒ္ဓဘာသာဝင်များသည် "ဘုရားတစ်ဆူတည်လျှင် ကုသိုလ်အနန္တ ရသည်"ဟု ယုံကြည်ကြ၏။ ယုံကြည်ကြသည့်အတိုင်း ဘုရားတည်လိုကြ၏။ ဘုရားဒကာ၊ ဘုရားဒကာမ အမည်ခံလိုကြ၏။ သို့သော် ဘုရားတစ်ဆူတည်ဖို့အရေးသည် စိတ်ရှိရုံနှင့် ဖြစ်သည်မဟုတ်ပေ။ သဒ္ဓါတရားကောင်းဖို့သာမက 'မြေ'ရှိဖို့ လိုသလို 'ငွေ'ရှိဖို့လည်း လိုပေဦးမည်။

ထိုသို့သော အခက်အခဲများကြောင့် ဘုရားတည်လိုသူတိုင်း တည်ချင်လျက်နှင့် မတည်ကြရ။ ဘုရားဒကာ၊ ဘုရားဒကာမ အမည်နာမဖြင့် လွဲကြရသည်။ အကယ်၍သာ မြေမလို၊ ငွေမရှိဘဲ သဒ္ဓါတရားရှိသူတိုင်း ဘုရားတစ်ဆူ အလွယ်တကူတည်ခွင့်ရမည်ဆိုလျှင် တည်နိုင်သည့်နည်း ပေးမည်ဆိုပါလျှင် အားလုံးက ဝမ်းသာအားရ ရယူလိုကြ၊ တောင်းခံကြပေလိမ့်မည်။ တကယ်တမ်းပြောရလျှင် လူတိုင်း လူတိုင်း အနည်းဆုံးဘုရားတစ်ဆူကိုတော့ အလွယ်တကူ တည်နိုင်သည့်နည်းရှိပါသည်။ မိမိကိုယ်တိုင် ဘုရားတည်လိုလျက်နှင့် တည်ခွင့်မရဖြစ်နေပါလျှင် တိပိဋကဓရ ယောဆရာတော်၏ အောက်ပါ ဓမ္မပုံပြင်ကလေးကို ဖတ်ရှုကြည့်ပါ။ အလိုဆန္ဒအားလုံး တစ်လုံးတစ်ဝ ပြည့်စုံစေကြပါလိမ့်မည်။

### ၁၂။ နှလုံးသားဝယ် ဘုရားတည်

တစ်ခါတုန်းက မြို့ငယ်ကလေးတစ်ခုမှာ 'ဖိုးထိန်'ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက မချမ်းသာပေမယ့် 'ဘုရားတည်ရန်' ဆိုတဲ့ အတိတ်နဲ့ ထီထိုးသတဲ့။ ကံကောင်းချင်တော့ ထီဖွင့်တဲ့အခါ ထီ တစ်သိန်းဆုပေါက်တယ်။ ထီပေါက်တော့ သူရည်ရွယ်ချက်ရှိတဲ့အတိုင်း ဘုရားတည်ဖို့ စီစဉ်တယ်။ မြေနေရာဝယ်တာက ငါးသောင်းကုန်ကျတယ်။ နောက်ထပ်ကျန်တဲ့ ငါးသောင်းနဲ့ မ,တည်ပြီး ဘုရားတည်ဖို့ စီစဉ်သတဲ့။

အဲဒီလို စီစဉ်နေတုန်းမှာပဲ သူဝယ်ထားတဲ့ မြေနေရာက မရှင်းတဲ့ မြေနေရာဖြစ်တော့ ဒီပြင်လူတစ်ယောက်က "ဟာ အဲဒီ မြေနေရာဟာ ကျွန်တော့်မြေပါ။ ကျွန်တော်ပိုင်တာပါ"ဆိုပြီး အမှုလုပ်သတဲ့။ အမှုလုပ်တော့ ဦးဖိုးထိန်တစ်ယောက် အတော်အလုပ်ရှုပ်သွားတယ်။ ရှုပ်သွားလိုက်ပုံများ မပြောနဲ့တော့။ ကျန်တဲ့ဘုရားတည်မယ့် မတည်ငွေ ငါးသောင်းလည်း အကုန်ပြုတ်တာပဲ။ ဒါတင်မကဘူး။ နောက်ထပ် ငွေ သုံး,လေးသောင်းတောင် အဆစ်ပါသွားသေးတယ်။ အများကြီးပဲ အလုပ်တွေရှုပ်သွားတယ်တဲ့။ အလုပ်တွေတင်မကဘူး။ ခေါင်းထဲမှာရော စိတ်ထဲမှာပါ အတော်ရှုပ်သွားတယ်။ "ဩော်-

Generated by CamScanner from intsig.com

ငါ့နှယ် ဘုရားတည်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ထိထိုးလို့၊ ကံပေးလို့ ထီပေါက်ပြန်တော့လည်း တည်မလို့လုပ်တုန်းရှိသေး၊ အမှုတွေရှုပ် အလုပ်တွေ ရှုပ်၊ တယ်လည်း စိတ်ညစ်ဖို့ကောင်းပါလား" ဆိုပြီး စိတ်ဓာတ်တွေကျ၊ စိတ်တွေညစ်ပြီး နေသတဲ့။

တစ်နေ့ကျတော့ "ဒီလိုနေလို့ မဖြစ်သေးဘူး၊ မြို့ဦးကျောင်း ဆရာတော်ထံ ဥပုသ်လေး၊ သီလလေး စောင့်ရင်း ဆရာတော့်ထံ လျှောက်ထားဦးမှပဲ" ဆိုပြီး ကျောင်းသွားသတဲ့။ ကျောင်းရောက်တော့ ဦးဖိုးထိန်က "ဘုန်းကြီးဘုရား၊ တပည့်တော် ဘုရားတည်မလို့ ရည်ရွယ်ချက်နဲ့ ထီထိုးပါတယ်။ ထီလည်း တကယ်ပေါက်ပါတယ် ဘုရား။ ဒါပေမယ့် ဘုရားတည်မယ်လို့ စိမ်တော့မှပဲ တပည့်တော် ဝယ်ထားတဲ့ မြေက မရှင်းမလင်းတဲ့ မြေဖြစ်လို့ အမှုတွေရှုပ်၊ အလုပ်တွေရှုပ်လိုက်တာဘုရား။ ခုတော့ ဘုရား တည်ဖို့ ငွေလည်း ပြုတ်သွားပြီ။ တပည့်တော်မှာရှိတဲ့ ငွေလည်း ပြောင်ကုန်ပြီဘုရား။ ဒါကြောင့် တပည့်တော်စိတ်ဓာတ်တွေ ကျနေပြီဘုရား။ ဘုရားကို မတည်ချင်တော့ဘူးဘုရား" ဆိုပြီးတော့ ညည်းတွားပြီး အကြောင်းစုံ ပြောပြလျှောက်ထားသတဲ့။

ဒီတော့ ဘုန်းတော်ကြီးဦးတိသက "ဖိုးထိန်၊ မင်းဘာဖြစ်လို့ ဘုရားတည်ချင်တာလဲ"

"ကုသိုလ်လိုချင်လို့ဘုရား"

"ဖိုးထိန်ရယ်၊ ကုသိုလ်လိုချင်လို့ ဘုရားတည်ချင်တယ်ဆိုရင် ကွယ် မြေလည်းမလိုပါဘူး။ ငွေလည်းမလိုပါဘူးကွ။ တည်လို့ဖြစ်ပါတယ်"

"မှန်ပါ၊ အမိန့်ရှိတော်မူပါဘုရား၊ မြေမလို၊ ငွေမလိုဘဲနဲ့ ဘယ်လိုတည်မှာလဲဘုရား"

"ဖြစ်ပါတယ်ဖိုးထိန်၊ မင်းမတည်တတ်လို့ပါ"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ဖိုးထိန်၊ မင်းမှာ နှလုံးသားမြေကြီးရှိတယ်နော်။ ကိုယ်ပိုင် နှလုံးသား မြေကြီးကို ရှင်းထား။ မင်း နမော တဿ ဆိုတတ်တယ် နော်"

"ဆိုတတ်ပါတယ်ဘုရား၊ တပည့်တော်ကျောင်းသားပေါက်စ ကလေးဘဝကတည်းက ဆိုတတ်နေတာပဲ"

"အေး၊ အဲဒီ နမောတဿဟာ ပါးစပ်ထဲကတင်ထွက်သွားတဲ့ နမောတဿ မဖြစ်စေနဲ့ကွ။ နမော–တဿလို့ဆိုလိုက်ရင် စိတ်က တကယ့်သက်တော်ထင်ရှား ဘုရားရဲ့ ဂုဏ်တွေအထိရောက်အောင် အာရုံပြုပြီးတော့ နှလုံးသားထဲမှာ လေးလေးနက်နက် ဆောက်တည် လိုက်စမ်း။ ဘုရားကို နှလုံးသားထဲ စွဲမြဲအောင် အာရုံ ပြုလိုက်စမ်းကွ။ ဘုရားတည်ဖို့ ဘာခက်လဲ ဖိုးထိန်ရယ်။ လောကမြေကြီးပေါ်မှာ ဘုရားတည်တယ်ဆိုတာ ကိရိယာ၊ တန်ဆာပလာ၊ အဆောက်အဦ တွေက ရှာရဖွေရ၊ စုရဆောင်းရ၊ နှလုံးသားထဲ ဘုရား တည်တယ်ဆိုတာ ဘာမျှ ကိရိယာ၊ တန်ဆာပလာ၊ အဆောက်အဦတွေလိုတာ မဟုတ် ဘူး။ ကိုယ့်ထဲမှာရှိနေတဲ့ ယုံကြည်တဲ့ သဒ္ဓါတရားရယ်၊ စွမ်းအားကို သိမြင်တဲ့ ဉာဏ်ပညာရယ်၊ အာရုံကို ပုံဖော်ထိန်းသိမ်းနိုင်တဲ့ သတိရယ် ဒါပဲလိုတယ်။ ဒါလောက်ဆို လောက်ပါတယ်ကွ။

"မြေကြီးပေါ်မှာ ဘုရားတည်တာဟာ အချိန်အများကြီးယူရ တယ်ကွ။ နှလုံးသားထဲ ဘုရားတည်တာက ဟော ခု စက္ကန့်ပိုင်း၊ မိနစ်ပိုင်းဆို ပြီးသွားတာပါကလားကွ။ ရလိုက်တဲ့ ကုသိုလ်ကလည်း ချက်ချင်းကို အများကြီးရတာကွ။ ဒါကြောင့် ကိုယ့်မှာ နှလုံးသား မြေကြီးရှိမှတော့ သူများမြေကြီး သွားဝယ်မနေစမ်းပါနဲ့ကွာ။

"ကိုယ်ပိုင်နှလုံးသားမြေကြီးကိုသာ သဒ္ဓါတရား၊ ပညာတရား တွေနဲ့ ရှင်းပစ်လိုက်စမ်း၊ မြန်မြန်လေး ရှင်းစမ်း။ အဲဒီလိုရှင်းပြီးသား

Generated by CamScanner from intsig.com

ကိုယ့်နှလုံးသားမြေကြီးပေါ်မှာ ငယ်ငယ်လေးကတည်းက ရနေတဲ့ နမောတသ အကုအညီနဲ့ ဘုရားဂုဏ်တွေတည်လိုက်စမ်း။ ပါးစပ်ထဲကတင် ထွက်သွားတာမျိုး မဟုတ်ဘဲ စိတ်ပါလက်ပါ လေးလေးနက်နက် အာရုံပြုပြီး တည်လိုက်စမ်း"

"နောက်ပြီး သရဏဂုံသုံးပါးလည်း ရတယ်မဟုတ်လား ဖိုးထိန်"

"ရပါတယ်ဘုရား၊ သရဏဂုံသုံးပါးလည်း ငယ်ငယ်ကတည်းက ရနေတာပါဘုရား"

"အေး-အဲဒါကို ပါးစပ်ထဲကတင် ထွက်သွားတဲ့ သရဏဂုံသုံးပါး မဖြစ်စေနဲ့ကွ၊ လေးလေးနက်နက် ရတနာသုံးပါးရဲ့ အာရုံပြုပြီးတော့မှ စိတ်နှလုံးထဲ ထည့်ပေးစမ်းပါကွ။ ဘုရားတည်တာများ ဘာခက်လို့လဲ။

"မင်း ဣတိပိသော ဘဂဝါလည်း ရသလားဖိုးထိန်"

"ရပါတယ်ဘုရား"

"ဒီလိုဖြင့်ကွယ်၊ မင်းမှာ ဘာမှလည်း ထူးပြီး စာကျက်စရာလည်း မလိုပါလားကွ။ ငယ်ငယ်ကတည်းက ရနေတဲ့ ဥစ္စာကို မိမိက သဒ္ဓါတရား၊ ပညာတရား၊ သတိတရား အရင်းနှီးလေး စိုက်ပေးလိုက်ပြီးတော့ အဲဒီသတိတရားတွေနဲ့ နှလုံးသားမြေကြီးရှင်းလိုက်။ အဲဒီနှလုံးသားမြေပေါ်ကျမှ လေးလေးနက်နက် အသိသတိနဲ့ အာရုံယူလို့ ဘုရားဂုဏ်တွေ တည်လိုက်၊ ပွားလိုက်လို့ရှိရင်ဖြင့်ကွယ်၊ နှလုံးသားထဲ ဘုရားတည်ရတာ လွယ်လွယ်လေးပါကွ"

အဲသလို အရှည်ကြီး ဦးတိသက ရှင်းပြလိုက်တော့ ဖိုးထိန်တစ်ယောက် ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ "မှန်လှပါ၊ တပည့်တော် မြေမလိုဘဲ၊ ငွေမလိုဘဲနဲ့ ဘုရားတည်နည်း သိပါပြီဘုရား။ တပည့်တော် ချက်ချင်းကို တည်ပါတော့မယ်ဘုရား" ဆိုပြီးတော့ ဆရာတော်

ဦးတိသကို ရှိသေစွာ ဝပ်ချကန်တော့ပြီးမှ အိမ်ပြန်သွားသတဲ့။

အဲဒီအချိန်ကစပြီးတော့ ဦးဖိုးထိန်တစ်ယောက် ငယ်ငယ်က ရထားတဲ့ ဘုရားဂုဏ်တွေနဲ့ နှလုံးသားထဲ ဘုရားတည်လို့ ပါးစပ်က နမောတသဆိုရင်လည်း သူများချပေးလို့ ပါးစပ်က လိုက်ဆိုရတဲ့ နမောတသမျိုး မဟုတ်ဘဲ နှလုံးသားထဲမှာ အခြေတည်ပြီး စူးစူးစိုက်စိုက် အာရုံပြုတတ်လာတယ်။ ဒီပြင်တခြားဂုဏ်တော်တွေ ရွတ်ဆိုလျှင်လည်း မိမိနှလုံးသားထဲမှာ တကယ့်သက်တော်ထင်ရှား ဘုရားအစစ် ကြွရောက်သီတင်းသုံးနေသလိုပဲ လေးလေးနက်နက် အာရုံပြုတတ်လာတယ်။ အဲဒီလိုနေ့စဉ်နေ့စဉ် နှလုံးသားထဲ ဘုရားတည်သွားလိုက်တာ ဦးဖိုးထိန်တစ်ယောက် တစ်ခါတည်း စိတ်နှလုံးတွေ ရှင်းလင်း ရင့်ကျက်လာတယ်။ စီးပွားရေး လုပ်ရတာလည်း အဆင်ပြေလို့ ပတ်ဝန်းကျင်ကလည်း လေးစားလာလိုက်ကြတာမှ မပြောနဲ့။

ဦးဖိုးထိန်က လက်တွေ့နှလုံးသားမှာ ဘုရားတည်၊ ပတ်ဝန်းကျင်အပေါ်မှာလည်း မေတ္တာတရားရှေ့ထားပြီး ဆောင်ရွက်လာမှုကြောင့် စောစောက မြေအမှုလုပ်နေတဲ့ လူရှုပ်ကတောင် လာပြီးတော့တောင် တောင်းပန်တယ်။ "ကိုဖိုးထိန်ရယ်၊ ဘုရားတည်မှာမှန်းသိရင် ကျွန်တော်စောစောကတည်းက မြေကြီးပေးမှာပေါ့ဗျ။ ကဲကဲ၊ အခု ခင်ဗျားဘုရားတည်ချင်တည်ပါလေ။ အဲဒီမြေ ခင်ဗျားကို ကျွန်တော်ပေးပါ့မယ်"လို့ ပြောပြသတဲ့"

ဒီတော့ ဦးဖိုးထိန်က "အာ မလိုတော့ပါဘူး။ ကျွန်တော် ဘုရားတည်ပြီးပါပြီ"လို့ ပြန်ပြောသတဲ့။

"ဟာ ဦးဖိုးထိန် ဘယ်နေရာမှာ သွားတည်တာတုံး"လို့ မေးပြန်တော့ "ဘယ်နေရာမှာမှ မဟုတ်ပါဘူး။ ကျွန်တော့်နှလုံးသားထဲမှာ တည်ပြီးပြီလေ။ ဘာမှ မလိုတော့ဘူး"လို့ဆိုတော့ "ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ ဦးဖိုးထိန်ရယ်။ ကျွန်တော်လည်း ကုသိုလ်ရအောင် မြေကြီးပေါ်မှာ ဘုရားတည်ပေးပါဦး"လို့ အတင်းကို လာ

Generated by CamScanner from intsig.com

ပေးသတဲ့။ ဟန်ကျလိုက်တာ နှလုံးသားဘုရားမတည်ခင်တုန်းက ရန်လုပ်နေတဲ့လူတောင်မှ နှလုံးသားမှာ ဘုရားတည်လိုက်တော့ လာပြီးတော့ ကျိုးကျိုးနွံနွံပေးရှာတယ်။ ကိုင်း၊ ပုံကလေးကတော့ ဒီမျှပဲ။

ဤ၁၀မွှပုံပြင်ဖြင့် ဆရာတော်သည် (၁) ဘုရားဂုဏ်ကို စိတ်နှလုံး၌ စူးစူးစိုက်စိုက် လေးလေးနက်နက်ထားကာ ပွားထုံနေသူ၊ အာရုံယူနေသူသည် နှလုံးသားဝယ် ဘုရားတည်နေသူဖြစ်ကြောင်း၊ (၂) မြေပေါ် ကျောင်းပေါ် အိမ်ပေါ်၌ တည်ထားသော ဘုရားကို မိမိတို့၏ ခံတွင်းထဲမှတစ်ဆင့် အထူးအားဖြင့် စိတ်နှလုံးအတွင်းထိ ရောက်အောင် တည်ထားတတ်ရမည်ဖြစ်ကြောင်းနှင့် (၃)နှလုံးသားဝယ် ဘုရားတည်နေလျှင် အကောင်းဆုံးအဆောင်ကို ဆောင်ထားသူဖြစ်၍ ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကြည်သာချမ်းမြေ့ကြမှာဖြစ်ကြောင်းကို ဖော်ပြလိုရင်း ဖြစ်ပါသတည်း။ ။

တော်ဝင်နွယ်

၁၉၉၅ခု၊ နှိဝင်ဘာလ (မြတ်မင်္ဂလာမဂ္ဂဇင်း)

❁ ❁ ❁